## ခမ္မခန္ဓာ (၆) “ခွာကွဲ စားမြံ့ပြန် တိရိစ္ဆာန်များ” (အန်အာမ်)

ဥာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅၅)၊ သုတ်ဒေသနာ (၁၆၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

### بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>★၁း၂<br>☆၂း၂၁ | **الْحَمْدُ لِلّهِ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ وَجَعَلَ الظُّلُمَاتِ وَالنُّورَ ثُمَّ الَّذِينَ كَفَرُواْ بِرَبِّهِم يَعْدِلُونَ ۝**<br>ရည်သန်စူးစိုက်မှု အပေါင်းသည်★ မိုးများနှင့် မြေအား ဖြစ်တည်စေသော☆ အမှောင်နှင့် အလင်းကို စီမံပေးသော ပရမတ်ဘုရားရှင် အဘို့သာတည်း။ တဖန်– ဖုံးကွယ်သူတို့သည်ကား ကံကြမ္မာရှင်အား တုဘက်မှုပြုကြ၏။[၃၄၄] |
| ၂။<br>သက်ရှိ<br>တို့အား<br>☆၃း၅၉ | **هُوَ الَّذِي خَلَقَكُم مِّن طِينٍ ثُمَّ قَضَى أَجَلاً وَأَجَلٌ مُّسمًّى عِندَهُ ثُمَّ أَنتُمْ تَمْتَرُونَ ۝**<br>အရှင်သည် **သင်တို့အား** မြေမှ ဖြစ်တည်စေ၏၊☆ တဖန် သက်တမ်းကို ဖြည့်ဆီးသတ်မှတ်ပေး၏၊ သက်တမ်း ကာလ သည် အရှင့်ထံ၌ အတိုင်းအတာရှိ၏၊[၃၄၅] တဖန်– သင်တို့သည် အငြင်းသန်လိုကြ၏။ |
| ၃။ | **وَهُوَ اللّهُ فِي السَّمَاوَاتِ وَفِي الأَرْضِ يَعْلَمُ سِرَّكُمْ وَجَهرَكُمْ وَيَعْلَمُ مَا تَكْسِبُونَ ۝**<br>အရှင်သည် မိုးများအတွင်း မြေအတွင်း ရှိသမျှတို့၏ ပရမတ်ဘုရားရှင် ဖြစ်၏၊ အရှင်သည် သင်တို့၏ ဖုံးဖိထားမှု၊ ဖော် ထုတ်မှုများကို သိနေတော်မူ၏၊ သင်တို့ ကျင့်ဆောင်ရာများကိုလည်း သိနေတော်မူ၏။ |
| ၄။ | **وَمَا تَأْتِيهِم مِّنْ آيَةٍ مِّنْ آيَاتِ رَبِّهِمْ إِلاَّ كَانُواْ عَنْهَا مُعْرِضِينَ ۝**<br>သူတို့ကံကြမ္မာရှင်၏ သုတ်ဒေသနာများမှ သူတို့ထံ ပေးရောက်စေသော မည်သည့် သုတ်တော်ကို မဆို၊ ထို၌ သူတို့ ခေါင်းရှောင်ကြသည်သာ ဖြစ်၏။ |
| ၅။<br>သတင်း | **فَقَدْ كَذَّبُواْ بِالْحَقِّ لَمَّا جَاءهُمْ فَسَوْفَ يَأْتِيهِمْ أَنبَاء مَا كَانُواْ بِهِ يَسْتَهْزِؤُونَ ۝**<br>သူတို့ထံသို့ သစ္စာတရား ရောက်ရှိလာတိုင်း မုချ ငြင်းဆန်ကြ၏၊ မကြာမီ– သူတို့ နောက်ပြောင်ခဲ့ရာ၏ **အဖြေမှန်** အား သူတို့ထံ၌ ပေးအပ်လေလတ္တံ့။ |
| ၆။ | **أَلَمْ يَرَوْاْ كَمْ أَهْلَكْنَا مِن قَبْلِهِم مِّن قَرْنٍ مَّكَّنَّاهُمْ فِي الأَرْضِ مَا لَمْ نُمَكِّن لَّكُمْ وَأَرْسَلْنَا السَّمَاء عَلَيْهِم** |

---

(၃၄၄) အစ္စလာမ်သာသနာသည် ဘုရားတစ်ဆူဝါဒ၌ အသန့်ရှင်းဆုံး ရပ်တည်နေသော သာသနာ ဖြစ်ပေသည်။ အစ္စလာမ်၏ အမှန်တရားကို သိလျက်နှင့် ဖုံးကွယ်ထားသူများက ဘုရားတရား၌ ကိုးကွယ်ပါသည်ဟု ဆိုသော်လည်း အစိန္တေယျ (မတုနိုင်းအပ်သော) ဘုရားရှင်အား နည်းလမ်း မျိုးစုံဖြင့် တုဘက်မှု ပြုလျက် ကိုးကွယ်နေကြသည်ကို ဤသုတ်တော်က တင်ပြခြင်း ဖြစ်၍ ကိုးကွယ်မှု မှန်သည်ထက်မှန်နိုင်ရန် လမ်းပြခြင်း ဖြစ်ပေသည်။

(၃၄၅) သက်ရှိတို့သက်တမ်းကို ကာလအပိုင်းအခြား နှစ်ခုဖော်ပြခြင်းမှာ လောကီသက်တမ်းနှင့် ခန္ဓာဝန်ချပြီး ကပ်ကမ္ဘာအလုံးစုံ ချုပ်ငြိမ်းမည့်နေ့ထိ ဆိုင်းနေသော ကာလဟု ဆိုပေသည်။ ထိုသက်တမ်း နှစ်ခုပေါင်းမှ သက်ရှိတို့၏ ဘဝသက်တမ်းဟု အစ္စလာမ်က သွန်သင်ပေသည်။ သက်ရှိ တစ်ခုချင်း၏ အသက်သည် ဓါတ်ခဲ တစ်လုံးထဲတွင် ထည့်ထားသော ပါဝါကဲ့သို့ဖြစ်၍၊ ထို ပါဝါအား၏ တည်တံ့မှုမှာ ဓါတ်ခဲ၏ ခံနိုင်ရည်ပေါ်၌ တည်နေသကဲ့သို့ပင် ဖြစ်သည်။ အကြောင်း အမျိုးမျိုးကြောင့် ဓါတ်ခဲသည် ပျက်စီးယိုယွင်းခဲ့သော် ထိုဓါတ်ခဲ၏ ယေဘုယျ သတ်မှတ်ကာလ မပြည့်မီတွင်ပင် ဓါတ်ခဲအား ကုန်သွားနိုင် သကဲ့သို့ သတ္တဝါတို့၏ သက်တမ်းသည်လည်း အလားတူပင် ဖြစ်ပေသည်။ ထို့ကြောင့် ကျမ်းတော်၌ ဤလောကီ သက်တမ်းဟု ခေါ်သော မြင်နေရသည့် သက်တမ်းသည် မည်သို့မှ အစိုးမရကြောင်း၊ အလွယ်တကူ ပျက်စီးသွားနိုင်ကြောင်းကို မကြာခဏ သတိပေးထားပေသည်။ လူသားသည် လောကီ အသက်ရှင်မှုကိုသာ သက်တမ်းဟု သတ်မှတ်လျက် ပရမတ်ဘုရားရှင်၏ ပြဋ္ဌာန်းမှုအား ငြင်းခုံနေကြသည်မှာ မှန်ကန်သော သုံးသပ်မှု မဟုတ်သေးပေ။

| | |
|---|---|
| ✡ ၂း၁၉ | **مِّدْرَارًا وَجَعَلْنَا الأَنْهَارَ تَجْرِي مِن تَحْتِهِمْ فَأَهْلَكْنَاهُم بِذُنُوبِهِمْ وَأَنْشَأْنَا مِن بَعْدِهِمْ قَرْنًا آخَرِينَ۞**<br>သူတို့မတိုင်မီ မည်မျှသော မျိုးဆက်များအား တိမ်ကောစေခဲ့သည်ကို သူတို့ မသုံးသပ်ကြသလော၊ ၎င်းတို့အား မြေကမ္ဘာ၌ သင်တို့ အခြေချ သကဲ့သို့ အခြေချစေခဲ့သည် မဟုတ်ချေ။ ငါအရှင်သည် သူတို့ပေါ်၌ ကောင်းကင်မှ မိုးကြီးသည်းစွာ စေသွန်းခဲ့၏၊ သူတို့၏ အောက်မှ မြစ်ချောင်းကြီးများကို စီးဆင်းစေခဲ့၏၊✡ သူတို့၏ ဒုစရိုက်များကြောင့် သူတို့အား တိမ်ကောစေခဲ့၏၊ သူတို့နောက် အခြားသော မျိုးဆက်ကို ပေါ်ထွန်းစေခဲ့ပြီ။[၃၄၆] |
| ၇။<br>☆၄း၁၅၃ | **وَلَوْ نَزَّلْنَا عَلَيْكَ كِتَابًا فِي قِرْطَاسٍ فَلَمَسُوهُ بِأَيْدِيهِمْ لَقَالَ الَّذِينَ كَفَرُواْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ۞**<br>အသင့်ထံသို့ စာရွက်၌ ရေးပြီးသား ကျမ်းတော်ကို ချမှတ်ပေးလျှက်၊ ၎င်းကို သူတို့၏ လက်များဖြင့် ထိတွေ့ရသော်လည်း ဖုံးကွယ်သူများက "ဤသည် ထင်ရှားသော ပရောဂပညာ မျှသာ ဖြစ်၏"ဟု ဆိုကြလတ္တံ့။☆ |
| ၈။<br>☆ ၂း၂၀၊<br>၂း၂၁၀ | **وَقَالُواْ لَوْلا أُنزِلَ عَلَيْهِ مَلَكٌ وَلَوْ أَنزَلْنَا مَلَكًا لَّقُضِيَ الأمْرُ ثُمَّ لاَ يُنظَرُونَ۞**<br>"သူ့အား အဘယ်ကြောင့် နတ်တစ်ပါး☆ ဝန်တာဖြင့် မစေလွှတ်သနည်း၊"ဟု ပြောကြ၏၊ အကယ်၍ နတ်တစ်ပါးအဖြစ် စေလွှတ်ခဲ့သော် စီမံကိန်းသည် ပြည့်ဆီးပြီး ဖြစ်၏၊ စောင့်စားနိုင်ခွင့် ရှိတော့မည် မဟုတ်ချေ။ |
| ၉။ | **وَلَوْ جَعَلْنَاهُ مَلَكًا لَّجَعَلْنَاهُ رَجُلاً وَلَلَبَسْنَا عَلَيْهِم مَّا يَلْبِسُونَ۞**<br>ငါသည် သူ့အား နတ်တစ်ပါးအဖြစ် ခန့်အပ်ခဲ့လျှင် ၎င်းကို လူသားအဖြစ် စီမံတော်မူမည်။ ငါအရှင်သည် သူတို့အား ရှုပ်ထွေးနေသူများအဖြစ် ရှုပ်ထွေးစေမည်ပင်။[၃၄၇] |
| ၁၀။ | **وَلَقَدِ اسْتُهْزِىءَ بِرُسُلٍ مِّن قَبْلِكَ فَحَاقَ بِالَّذِينَ سَخِرُواْ مِنْهُم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ۞**<br>သင်မတိုင်မီ ဉာဏ်စဉ်ဆောင်များသည်လည်း မုချပင် လှောင်ပြောင် ခံခဲ့ရ၏၊ ထိုသရော်သူတို့အား သူတို့၏ လှောင်ပြောင်မှုများက ဝိုင်းဝန်းလိုက်လေပြီ။ |
| ၁၁။ | **قُلْ سِيرُواْ فِي الأَرْضِ ثُمَّ انظُرُواْ كَيْفَ كَانَ عَاقِبَةُ الْمُكَذِّبِينَ۞**<br>ငြင်းဆန်သူတို့၏ အကျိုးဆက် မည်သို့ ဖြစ်ခဲ့ရသည်ကို ကမ္ဘာပတ်၍ ကြည့်ကြကုန် ဟု ဟောပြောလော့။ |
| ၁၂။ | **قُل لِّمَن مَّا فِي السَّمَاوَاتِ وَالأَرْضِ قُل لِلّهِ كَتَبَ عَلَى نَفْسِهِ الرَّحْمَةَ لَيَجْمَعَنَّكُمْ إِلَى يَوْمِ الْقِيَامَةِ لاَ رَيْبَ فِيهِ الَّذِينَ خَسِرُواْ أَنفُسَهُمْ فَهُمْ لاَ يُؤْمِنُونَ۞**<br>မိုးများနှင့် မြေအတွင်း ရှိသမျှသည် မည်သူ၏ အချုပ်အခြာ၌ ရှိသနည်း ဟု မေးမြန်းလော့၊ ဟောကြားလော့ ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌သာ ရှိ၏၊ အရှင်သည် မိမိ၏ စရိုက်တော်အား ကရုဏာအဖြစ် ပြဋ္ဌာန်းထားတော်မူ၏၊ သံသယဖြစ်ဘွယ် အလျှဉ်းမရှိသော ရပ်တည်မြဲမြံသောနေ့၌ သင်တို့အားလုံးကို စုပေါင်းတော်မူမည်၊ မိမိ၏ စရိုက်အား ပျက်စီးစေသူတို့သည် မယုံကြည်သူများ ဖြစ်ကြ၏။ |

---

(၃၄၆) ဤသုတ်တော်ပါ "မျိုးဆက်များအား တိမ်ကောစေခဲ့သည်"ကို လူမျိုးစုများ အစုလိုက်အပြုံလိုက် မျိုးပြုတ်သွားသည်ဟု မယူဆသင့်ပေ၊ သူတို့အား တရားရေအေး မည်မျှပင် ချီးမြှင့်သော်လည်း ထိုတရားဒေသနာများကို မလိုက်နာဘဲလျှက် အကုသိုလ်မှု၌ နစ်မွန်းကြသောကြောင့် မျိုးရိုးဂုဏ် သိက္ခာ တိမ်ကော ပပျောက်ရပြီး၊ နောက်ထပ် တရားစောင့်သိသော မျိုးဆက်သစ်များ ပေါ်ပေါက်လာခြင်းကို ဖေါ်ပြခြင်းသာ ဖြစ်ပေသည်။
(၃၄၇) သုတ်ဒေသနာ အမှတ်စဉ် ၆း၈–၉ တွင် ကိုယ်တော် မုဟမ္မဒ်အား အဘယ့်ကြောင့် "နတ်တစ်ပါး" အဖြစ် လောကသို့ မစေလွှတ်သနည်း ဟု ပြောခြင်းမှာ အစ္စလာမ်သာသနာ မတိုင်မီမှ လူသားများ၏ ရိုးရာ ယုံကြည်မှုအတိုင်း "မလာ့က်" ကို ခံစား ပြောဆိုခြင်း ဖြစ်သည်။ အစ္စလာမ် သာသနာကမူ "မလာ့က်" ဆိုသည်မှာ ပကတိလူသားပင် ဖြစ်သည်ဟု ၆း၉ တွင် အတိအကျ ဖေါ်ပြပေသည်။ ထိုသို့ ရှင်းလင်းစွာ သွန်သင်သည်ကိုပင် နားလည်မှု ရှုပ်ထွေးနေသူများမှာ ရိုးသားဖြူစင်စွာ နားလည်လိုမှု မရှိဘဲ မိရိုးဖလား ဦးဏှောက်ဖြင့် ဆက်လက် သုံးသပ် အဖြေ ထုတ်နေပါက နားလည်မှု ရှုပ်ထွေးမှုနေမှုမှ ကျွတ်လွတ်နိုင်မည် မဟုတ်ပေ။ မြန်မာဘာသာရေး ဝေါဟာရတွင်လည်း အရှင်ဂေါတမကို "ဝိသုဒ္ဓိနတ်"ဟုပင် သုံးနှုံး ထားသည်ကို တွေ့ရပေသည်။ (၁၉၉၁–မြန်မာ၊ မြန်မာ အဘိဓါန်) အရှင်ဂေါတမသည် လူသားစင်စစ်ပင် ဖြစ်ကြောင်း မြန်မာ ဗုဒ္ဓဘာသာတိုင်း လက်ခံပြီးသားပင်။

| | |
|---|---|
| ၁၃။ | وَلَهُ مَا سَكَنَ فِي اللَّيْلِ وَالنَّهَارِ وَهُوَ السَّمِيعُ الْعَلِيمُ۝<br>ညဥ့် နေ့၌ ကျက်စားသော အရာအားလုံးသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏၊ အရှင်သည် ကြားနေ သိနေသော အရှင် ဖြစ်၏။ |
| ၁၄။<br>☆<br>မှတ်<br>ဆလင်<br>★၂း၉၆ | قُلْ أَغَيْرَ اللّهِ أَتَّخِذُ وَلِيًّا فَاطِرِ السَّمَاوَاتِ وَالأَرْضِ وَهُوَ يُطْعِمُ وَلاَ يُطْعَمُ قُلْ إِنِّيَ أُمِرْتُ أَنْ أَكُونَ أَوَّلَ مَنْ أَسْلَمَ وَلاَ تَكُونَنَّ مِنَ الْمُشْرِكَينَ۝<br>ဟောပြောလော့၊ မိုးများနှင့် မြေကမ္ဘာ၏ မူလလက်သည် ဖြစ်သော ပရမတ်ဘုရမတ်ဘုရားရှင်မှအပ ကွပ်ကဲသူအဖြစ် ယူခဲ့ဦးမည်လော၊ အရှင်သည် အဟာရဖြည့်ပေးသူ ဖြစ်၏၊ အဟာရ ဆက်ကပ်ခံ မဟုတ်ချေ၊ ဟောပြောလော့ ကျွန်ုပ်သည် သတ္တိသုခဝါဒ☆ ဦးသျှောင် ဖြစ်ရန် ရောပြွန်းကိုးကွယ်သူတို့မှ★ ကင်းရန် မိန့်ညွှန်ခံရ၏။ |
| ၁၅။ | قُلْ إِنِّيَ أَخَافُ إِنْ عَصَيْتُ رَبِّي عَذَابَ يَوْمٍ عَظِيمٍ۝<br>ကျွန်ုပ်၏ ကံကြမ္မာရှင်အား အာခံမိလျှင် ဝင့်ကြွေးသင့် နေ့ကာလကြီးကို ကျွန်ုပ် ကြောက်ရွံ့ပါ၏၊ ဟု ဟောပြောလော့၊ |
| ၁၆။<br>☆<br>ဝင့်မှ | مَّن يُصْرَفْ عَنْهُ يَوْمَئِذٍ فَقَدْ رَحِمَهُ وَذَلِكَ الْفَوْزُ الْمُبِينُ۝<br>ထို့နေ့၌ ၎င်းမှ☆ ဖယ်ရှားခံရသူသည် အရှင်၏ ကရုဏာသက်ခံရသူ မုချကေန် ဖြစ်၏၊ ယင်းသည်ပင် ထင်ရှားသော ဆွတ်ခူးမှု ဖြစ်၏။ |
| ၁၇။ | وَإِن يَمْسَسْكَ اللّهُ بِضُرٍّ فَلاَ كَاشِفَ لَهُ إِلاَّ هُوَ وَإِن يَمْسَسْكَ بِخَيْرٍ فَهُوَ عَلَى كُلِّ شَيْءٍ قَدُيرٌ۝<br>အသင့်အား ပရမတ်ဘုရားရှင်က ဥပါဒ် ထိစေသည် ဖြစ်စေ၊ ကောင်းခြင်း သက်စေသည် ဖြစ်စေ အရှင်မှအပ ဖြေဖျောက်နိုင်သူ ဟူ၍ မရှိချေ။ အရှင်သည် ခပ်သိမ်းကုန်အား စည်းချိန်ပြဋ္ဌာန်းတော်မူ၏။ |
| ၁၈။ | وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ وَهُوَ الْحَكِيمُ الْخَبِيرُ۝<br>အရှင်၏ အမှုတော်ဆောင်များအပေါ်၌ အရှင်သည် အဓိပတိ ဖြစ်တော်မူ၏၊ အရှင်သည် ဓမ္မသတ်ရှင်၊ သတင်းရနေသော အရှင် ဖြစ်တော်မူ၏။ |
| ၁၉။ | قُلْ أَيُّ شَيْءٍ أَكْبَرُ شَهَادةً قُلِ اللّهِ شَهِيدٌ بِيْنِي وَبَيْنَكُمْ وَأُوحِيَ إِلَيَّ هَذَا الْقُرْآنُ لأُنذِرَكُم بِهِ وَمَن بَلَغَ أَئِنَّكُمْ لَتَشْهَدُونَ أَنَّ مَعَ اللّهِ آلِهَةً أُخْرَى قُل لاَّ أَشْهَدُ قُلْ إِنَّمَا هُوَ إِلَـهٌ وَاحِدٌ وَإِنَّنِي بَرِيءٌ مِّمَّا تُشْرِكُونَ۝<br>သက်သေတော်အတွက် မည်သူသည် အကြီးမြတ်ဆုံး ဖြစ်သနည်း ဟု မေးမြန်းလော့။ ဟောလော့၊ ပရမတ်ဘုရားရှင်ပင်တည်း၊ အရှင်သည် ကျွန်ုပ်နှင့် သင်တို့စပ်ကြား သက်သေ ဖြစ်၏၊ သင်တို့နှင့် သာသနာပြုခံသူတို့အား[၄၈] သတိပေးရန် ဤကုရ်အာန်ကျမ်းတော်ကို ကျွန်ုပ်ထံသို့ ကိန်းဝပ်ပေး၏။ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် တွဲဘက်လျှက် အခြားသော ဘုရားများရှိသည်ဟု သက်သေခံရဲကြသလော၊ “ကျွန်ုပ်သော်ကား သက်သေ မဟုတ်ချေ၊”ဟု ပြောလော့။ ဟောလော့ အရှင်သည်သာ တစ်ဆူတည်းသော ဘုရားရှင် ဖြစ်၏၊ ကျွန်ုပ်သည်ကား ရောပြွန်းကိုးကွယ်မှုမှ ကင်းသန့်သူ ဖြစ်၏။[၄၉] |

(၄၈) ဤသုတ်တော်က ကမ္ဘာတွင် ရှိသမျှ လူသားအားလုံး ထံသို့ ကျမ်းတော်၊ သာသနာတော်ကို သူကိုယ်တိုင် အရောက်ပို့ ဖြန့်ချိခဲ့သည်ဟု ကိုယ်တော် မုဟမ္မဒ်သည် သူ့ကိုယ်သူ မည်သည့် အခါမှ မပြောဆိုခဲ့ကြောင်း ရိုးသားစွာ ဝန်ခံချက် ဖြစ်သည်။ ကိုယ်တော်သည် နောက်ဆုံးပွင့် ကျမ်းရ ဉာဏ်စဉ်တော်ဆောင် တစ်ပါးမျှသာ ဖြစ်သည်။ ကိုယ်တော်ပွင့်ပေါ်ရာ အရပ်နှင့် လက်လှမ်း မမီသော ဒေသများသို့ ကျမ်းတော်အား နားလည်သော ဘာသာစကားဖြင့် အရောက်ပို့ သာသနာ ဖြန့်ချိရမည်မှာ သစ္စာရှိသော တပည့် နောက်လိုက်တိုင်းအတွက် တာဝန်ရှိပေသည်။ ကျမ်းမြတ်ကုရ်အာန်ကို ဘာသာစကားတိုင်းနှင့် နားလည်စေရန် ဘာသာပြန်မည့်အစား အခြားသော ဂိုဏ်းအယူအဆများကိုသာ သာသနာပြုရန် ပြိုင်ဆိုင်ထုတ်ဝေနေကြသည်မှာ အံ့သြစရာပင် ဖြစ်ပေသည်။

(၄၉) ကုရ်အာန်သည် အစ္စလာမ် သာသနာဝင်များ အတွက် အဓိကပင်မ လိုက်နာရမည့် ကျမ်းတော် ဖြစ်ကြောင်း ဤသုတ်တော်က ယတိပြတ်ဆိုပေသည်။ အခြားသော ကျမ်းများကြောင့် အငြင်းပွားနေခြင်းမှာ ဂိုဏ်းအစွဲများကြောင့်သာ ဖြစ်၍ သာသနာတော်အား အကျိုးမပေးပေ။

၂၀။ ကိုယ်တော် မုဟမ္မဒ်

**الَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْرِفُونَهُ كَمَا يَعْرِفُونَ أَبْنَاءهُمُ الَّذِينَ خَسِرُواْ أَنفُسَهُمْ فَهُمْ لاَ يُؤْمِنُونَ**

ကျမ်းတော်အား ပေးအပ်ခံရသူများက **သူ့အား** သူတို့၏ သားမြေးများကဲ့သို့ အသိအမှတ်ပြုကြ၏၊ သူတို့၏ ဥဒ်စရိုက်အား ဆုံးရှုံးစေသူများသည် ယုံကြည်ကြမည် မဟုတ်ချေ။

၂၁။

**وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أَوْ كَذَّبَ بِآيَاتِهِ إِنَّهُ لاَ يُفْلِحُ الظَّالِمُونَ**

ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် မှုသားပြုနေကြသူများ၊ အရှင်၏ သုတ်ဒေသနာတော်အား လိမ်လည်နေသူများထက် မည်သူက ပို၍ အမိုက်စီးဦးမည်နည်း၊ ကေန်ပင် မတရားမှုသည် အောင်မြင်လိမ့်မည် မဟုတ်ချေ။

၂၂။

**وَيَوْمَ نَحْشُرُهُمْ جَمِيعًا ثُمَّ نَقُولُ لِلَّذِينَ أَشْرَكُواْ أَيْنَ شُرَكَآؤُكُمُ الَّذِينَ كُنتُمْ تَزْعُمُونَ**

သူတို့အား စုပေါင်း၍ စုဆောင်းသောနေ့၌၊ ရောပြွန်းကိုးကွယ်သူများအား "သင်တို့ မျှော်လင့်ခဲ့သော ရောပြွန်းကိုးကွယ်ခံများသည် အဘယ်မှာနည်း၊"ဟု မေးမြန်းခံရစေမည်။

၂၃။ အဖြေ

**ثُمَّ لَمْ تَكُن فِتْنَتُهُمْ إِلاَّ أَن قَالُواْ وَاللّهِ رَبِّنَا مَا كُنَّا مُشْرِكِينَ**

ကျွန်ုပ်တို့၏ ကံကြမ္မာရှင်၊ ပရမတ်ဘုရားရှင် အားဖြင့်၊ "ကျွန်ုပ်တို့သည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ခဲ့ပါ၊"ဟု ပြောနိုင်ခြင်းမှအပ သူတို့၏ **ခွင့်ပန်ချက်သည်**[၃၅၀] အသုံးမဝင်ချေ။

၂၄။

**انظُرْ كَيْفَ كَذَبُواْ عَلَى أَنفُسِهِمْ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ**

သူတို့၏ စရိုက်အား သူတို့ မည်သို့ လိမ်ခဲ့ကြသည်ကို၊ ထိုသူတို့ မှုသားပြုသည့် အရာများက[၃၅၁] သူတို့မှ ဖယ်ခွာသွားသည်ကို သင် ကြည့်လော့။

၂၅။

**وَمِنْهُم مَّن يَسْتَمِعُ إِلَيْكَ وَجَعَلْنَا عَلَى قُلُوبِهِمْ أَكِنَّةً أَن يَفْقَهُوهُ وَفِي آذَانِهِمْ وَقْرًا وَإِن يَرَوْاْ كُلَّ آيَةٍ لاَّ**
**يُؤْمِنُواْ بِهَا حَتَّى إِذَا جَآؤُوكَ يُجَادِلُونَكَ يَقُولُ الَّذِينَ كَفَرُواْ إِنْ هَذَآ إِلاَّ أَسَاطِيرُ الأَوَّلِينَ**

သူတို့အနက် သင့်အား နားစွင့်သူတို့ ရှိ၏၊ ငါသည် သူတို့၏ နားလည်မှု ချိန့်စေရန် နှလုံးသား၌ မကြည်လင်မှု၊ သူတို့၏ နားများ၌ ထိုင်းမှိုင်းမှုကို ပြုလုပ်ထား၏၊ သူတို့သည် နိမိတ်လက္ခဏာ အလုံးစုံကို မြင်တွေ့ငြားသော်လည်း ထို၌ ယုံကြည်ကြမည် မဟုတ်ချေ။ ဤသို့ သင့်ထံသို့ ရောက်လာကြသည့်တိုင် သင့်အား စောဒကတက်ကြလျှက်၊ ဖုံးကွယ်သော သူများက "ဤသည် ရှေးသရောအခါက ဒဏ္ဍာရီမျှသာ ဖြစ်၏၊"ဟု ဆိုကြ၏။

၂၆။ နားစွင့်ခြင်းမှ

**وَهُمْ يَنْهَوْنَ عَنْهُ وَيَنْأَوْنَ عَنْهُ وَإِن يُهْلِكُونَ إِلاَّ أَنفُسَهُمْ وَمَا يَشْعُرُونَ**

သူတို့သည် **၎င်းမှ** ဟန့်တားကြ၏၊ **၎င်းမှ** ရှောင်ဖယ်ကြ၏၊ သူတို့သည် မိမိ၏စရိုက်ကိုသာ ဖျက်ဆီးနေခြင်း ဖြစ်၏။ သူတို့ သတိထားနိုင်စွမ်း မရှိကြချေ။

၂၇။

**وَلَوْ تَرَى إِذْ وُقِفُواْ عَلَى النَّارِ فَقَالُواْ يَا لَيْتَنَا نُرَدُّ وَلاَ نُكَذِّبَ بِآيَاتِ رَبِّنَا وَنَكُونَ مِنَ الْمُؤْمِنِينَ**

အပူမီးပေါ်၌ ရပ်စေသောအခါ၊ "ကျွန်ုပ်တို့မှာ ပြန်ပို့ခံရလျှင် ကံကြမ္မရှင်၏ သုတ်ဒေသနာများကို မငြင်းဆန်တော့ပါ၊ ကေန်ပင် ယုံကြည်သူများအနက်၌ ပါဝင်ပေတော့မည်၊"ဟု ညီးညူကြသည်ကို သင်တွေ့ရလတ္တံ့။

၂၈။

**بَلْ بَدَا لَهُم مَّا كَانُواْ يُخْفُونَ مِن قَبْلُ وَلَوْ رُدُّواْ لَعَادُواْ لِمَا نُهُواْ عَنْهُ وَإِنَّهُمْ لَكَاذِبُونَ**

အမှန်မှာ ရှေးက သူတို့ ထိန်ဝှက်ခဲ့ရာများသည် သူတို့အတွက် ပေါ်လွင်စေခြင်း ဖြစ်၏၊ သူတို့အား ပြန်ပို့ခဲ့လျှင်လည်း တားမြစ်ထားသည်ကို ထပ်မံကျူးလွန်ပေအံ့၊ သူတို့မှာ လိမ်ညာသူများသာ ဖြစ်ချေ၏။

---

(၃၅၀) **ဖိတ်တနာဟ်** ၏ အနက်မှ အဖြေ သို့မဟုတ် မေတ္တာရပ်ခံချက် ဟု ဖြစ်ပေသည်။ (အိဗနိ ဂျာဘားကျမ်း)
(၃၅၁) မအပ်မရာသော အရာများကို ကိုးကွယ်ရာများ ဖြစ်သည်ဟု မိမိကိုယ် မိမိ မှုသားပြုလျှက် ကိုးကွယ်ခဲ့သော အရာများက သူတို့၌အား ဖယ်ခွာလေသော အခါ– ဟု ဆိုလိုသည်။

| | |
|---|---|
| ၂၉။ | **وَقَالُواْ إِنْ هِيَ إِلاَّ حَيَاتُنَا الدُّنْيَا وَمَا نَحْنُ بِمَبْعُوثِينَ۞**<br>သူတို့က "လောကီသက်တမ်းသည်သာ ရှိ၏၊ ကျွန်ုပ်တို့သည် ရှင်ပြန်ရမည် မဟုတ်ချေ၊"ဟု ပြောဆိုကြ၏။ |
| ၃၀။ | **وَلَوْ تَرَى إِذْ وُقِفُواْ عَلَى رَبِّهِمْ قَالَ أَلَيْسَ هَذَا بِالْحَقِّ قَالُواْ بَلَى وَرَبِّنَا قَالَ فَذُوقُواْ العَذَابَ بِمَا كُنتُمْ تَكْفُرُونَ۞**<br>သူတို့အား ကံကြမ္မာရှင်၏ ရှေ့မှောက်၌ ရပ်စေသောအခါ၊ "ဤသည် အမှန်တရားပင် မဟုတ်လော၊"ဟု မေးမြန်းခံရလတ္တံ့၊ သူတို့က "မှန်လှပါ ကံကြမ္မာရှင်၊"ဟု ဖြေကြားလိမ့်မည်၊ ထိုအခါ "အသင်တို့ ဖုံးကွယ်ခဲ့သည့် ဝဋ်ကြွေးအား မြည်းစမ်းကြလော့၊"ဟု မိန့်တော်မူသည်ကို သင်တွေ့ရလတ္တံ့။ |
| ၃၁။<br><br>☆၁၆း၆၂ | **قَدْ خَسِرَ الَّذِينَ كَذَّبُواْ بِلِقَاء اللّهِ حَتَّى إِذَا جَاءتْهُمُ السَّاعَةُ بَغْتَةً قَالُواْ يَا حَسْرَتَنَا عَلَى مَا فَرَّطْنَا فِيهَا وَهُمْ يَحْمِلُونَ أَوْزَارَهُمْ عَلَى ظُهُورِهِمْ أَلاَ سَاء مَا يَزِرُونَ۞**<br>ပရမတ်ဘုရားရှင်အား ဖူးမျှော်ရမည်ကို ငြင်းဆန်သူတို့သည် ဆုံးရှုံးရသူများ ဖြစ်၏။ ရုတ်တရက် အချိန်နာရီ ဆိုက်ရောက်လာသည့်တိုင် သူတို့က "ကျွန်ုပ်တို့၏ လစ်ဟင်းမှုများ☆ အတွက် ဝမ်းနည်းရလေခြင်း၊"ဟု ညီးညူကြလတ္တံ့။ သူတို့သည် အကုသိုလ် ဝန်ထုတ်ဝန်ပိုးများကို ကျောကုန်းထက်၌ တင်လျက် သယ်ပိုးရလေမည်။ |
| ၃၂။ | **وَمَا الْحَيَاةُ الدُّنْيَا إِلاَّ لَعِبٌ وَلَهْوٌ وَلَلدَّارُ الآخِرَةُ خَيْرٌ لِّلَّذِينَ يَتَّقُونَ أَفَلاَ تَعْقِلُونَ۞**<br>လောကီဘဝသည် ကစား အပန်းဖြေစရာ မျှသာ ဖြစ်၏၊ စည်းစောင့်သောသူများအတွက် နောင်ဘဝ ဘုံဗိမာန်သည် သာလွန်ကောင်းမြတ်လှပေ၏၊ အတွေးအခေါ် မရှိကြသလော။ |
| ၃၃။ | **قَدْ نَعْلَمُ إِنَّهُ لَيَحْزُنُكَ الَّذِي يَقُولُونَ فَإِنَّهُمْ لاَ يُكَذِّبُونَكَ وَلَكِنَّ الظَّالِمِينَ بِآيَاتِ اللّهِ يَجْحَدُونَ۞**<br>ထိုပြောဆိုသူများကြောင့် သင့်အား စိတ်ထိခိုက်ရသည်ကို ငါအရှင် မုချ သိနေတော်မူ၏၊ အမှန်မှာ သူတို့သည် သင့်အား လိမ်လည်သည်ဟု မဆိုချေ၊ သို့ရာတွင် အမိုက်စီးသူများသည် ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများကို ပယ်ဖျက်နေခြင်း ဖြစ်၏။[၃၅၂] |
| ၃၄။ | **وَلَقَدْ كُذِّبَتْ رُسُلٌ مِّن قَبْلِكَ فَصَبَرُواْ عَلَى مَا كُذِّبُواْ وَأُوذُواْ حَتَّى أَتَاهُمْ نَصْرُنَا وَلاَ مُبَدِّلَ لِكَلِمَاتِ اللّهِ وَلَقدْ جَاءكَ مِن نَّبَإِ الْمُرْسَلِينَ۞**<br>သင်မတိုင်မီ ဉာဏ်စဉ်ဆောင်များသည်လည်း မုချ ငြင်းဆန်ခြင်း ခံခဲ့ရပြီ။ သို့သော် ငါ၏ ကူညီမှုများ ရောက်သည်အထိ ငြင်းဆန်မှုများ၊ နှိပ်စက်မှုများကို ကြံ့ကြံ့ခံခဲ့ရပြီ။ ပရမတ်ဘုရားရှင်၏ ဗျာဒိတ်တော်အား ပြောင်းလွှဲနိုင်သူ မရှိချေ။[၃၅၃] မုချပင် ဉာဏ်စဉ်ဆောင်များ၏ အကြောင်းအရာအား သင့်ထံသို့ ရောက်စေခဲ့ပြီ။ |
| ၃၅။ | **وَإِن كَانَ كَبُرَ عَلَيْكَ إِعْرَاضُهُمْ فَإِنِ اسْتَطَعْتَ أَن تَبْتَغِيَ نَفَقًا فِي الأَرْضِ أَوْ سُلَّمًا فِي السَّمَاء فَتَأْتِيَهُم بِآيَةٍ وَلَوْ شَاء اللّهُ لَجَمَعَهُمْ عَلَى الْهُدَى فَلاَ تَكُونَنَّ مِنَ الْجَاهِلِينَ۞**<br>သင်သည် တတ်နိုင်၍ မြေသို့ူးနိုင်ရန် လည်းကောင်း မိုးပျံနိုင်ရန်[၃၅၄] လည်းကောင်း နိမိတ်လက္ခဏာကို ရှာဖွေလျက် ယူလာခဲ့သော်လည်း သူတို့၏ ခေါင်းရှောင်ခြင်းသည် သင့်အတွက် ဝန်လေးလှလျှင်၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်မှီ |

(၃၅၂) ကိုယ်တော်မုဟမ္မဒ်၏ ဘဝတာတွင် လိမ်လည်သည်ဟူ၍ မရှိခဲ့သောကြောင့် ကိုယ်တော့အား လက်ခံသူရော၊ လက်မခံသူရောများက ကိုယ်တော့အား သစ္စာရှင် "အာလ်အမီးန်" ဟု ခေါ်ကြပေသည်။ သို့သော် ကိုယ်တော်ရရှိသော ဉာဏ်စဉ်ကိုသာ လိမ်လည်ခြင်း ဖြစ်သည်ဟု စွပ်စွဲခြင်း ဖြစ်ပေသည်။ (၆း၅၇)

(၃၅၃) ပရမတ်ဘုရားရှင်၏ ဗျာဒိတ်တော်ကို ပြောင်းလဲနိုင်သူ မရှိ ဆိုသည်မှာ ပရမတ်ဘုရားရှင်က နောက်ဆုံးတစ်ပါး ပွင့်ပေါ် ဦးမည်ဟု ကြိုတင်ပေးထားသော ဗျာဒိတ်တော်ကို ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | မှသာ သူတို့အား လမ်းညွှန်မှုန်၌ စုပေါင်းစေလတ္တံ့။ သင်သည် ပညာမဲ့တို့၏ အနက်မှ ဖြစ်စေနှင့်။ |
| ၃၆။ | إِنَّمَا يَسْتَجِيبُ الَّذِينَ يَسْمَعُونَ وَالْمَوْتَى يَبْعَثُهُمُ اللّهُ ثُمَّ إِلَيْهِ يُرْجَعُونَ ۞<br>နာယူသောသူများသည်သာ လက်ခံကြသူများ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် သေသူများကို ရှင်ပြန်စေတော်မူ၏၊ ထို့နောက် အရှင့်ထံသို့သာ ဦးလှည့်ရမည်သာတည်း။ |
| ၃၇။ | وَقَالُواْ لَوْلاَ نُزِّلَ عَلَيْهِ آيَةٌ مِّن رَّبِّهِ قُلْ إِنَّ اللّهَ قَادِرٌ عَلَى أَن يُنَزِّلٍ آيَةً وَلَـكِنَّ أَكْثَرَهُمْ لاَ يَعْلَمُونَ ۞<br>ကံကြမ္မာရှင်၏ထံမှ နိမိတ်လက္ခဏာ တစ်ပါးပါး သူ့ထံသို့ အဘယ်ကြောင့် မချမှတ်သနည်းဟု ပြောဆိုကြကုန်၏၊ ဟောလော့၊ ပရမတ်ဘုရားရှင်သည် ချမှတ်ပေးသည့် သုတ်ဒေသနာ၌ စည်းချိန်ချသော အရှင် ဖြစ်၏၊ သို့ရာတွင် သူတို့အနက် များစွာတို့မှာ မသိကြချေ။ |
| ၃၈။<br>☆၁၆း၆၂ | وَمَا مِن دَآبَّةٍ فِي الأَرْضِ وَلاَ طَائِرٍ يَطِيرُ بِجَنَاحَيْهِ إِلاَّ أُمَمٌ أَمْثَالُكُم مَّا فَرَّطْنَا فِي الكِتَابِ مِن شَيْءٍ ثُمَّ إِلَى رَبِّهِمْ يُحْشَرُونَ<br>မြေ၌ တွားသွား သတ္တဝါများ၊ အတောင်နှစ်ဘက်ဖြင့် ပျံသော ငှက်များသည် သင်တို့ကဲ့သို့ အသင်းအဖွဲ့များသာ ဖြစ်ကြ၏။ ငါ၏ ကျမ်းတော်၌ ချန်လှပ်ထားခြင်း☆ စိုးစဉ်းမျှ မရှိချေ။ ထို့နောက် သူတို့၏ ကံကြမ္မာရှင်ထံသို့သာ စုဆောင်းခံရ စေမည်ပင်။၃၅၅ |
| ၃၉။<br>☆၂း၇၀ | وَالَّذِينَ كَذَّبُواْ بِآيَاتِنَا صُمٌّ وَبُكْمٌ فِي الظُّلُمَاتِ مَن يَشَإِ اللّهُ يُضْلِلْهُ وَمَن يَشَأْ يَجْعَلْهُ عَلَى صِرَاطٍ مُّسْتَقِيمٍ ۞<br>ငါ၏ သုတ်ဒေသနာတို့အား ငြင်းဆန်သော သူတို့သည် အမှောင်၌ ရှိသော ပင်းသူ၊ အသူများ ဖြစ်ကြ၏၊ ပရမတ်ဘုရားရှင်သည် စံချိန်ပြည့်မှီသူအား☆ အပါယ်သို့ရောက်စေ၍ စံချိန်ပြည့်မှီသူအား☆ ဖြောင့်မတ်မှန်ကန်သော လမ်း၌ ရှိရန် စီရင်တော်မူ၏။ |
| ၄၀။ | قُلْ أَرَأَيْتُكُم إِنْ أَتَاكُمْ عَذَابُ اللّهِ أَوْ أَتَتْكُمُ السَّاعَةُ أَغَيْرَ اللّهِ تَدْعُونَ إِن كُنتُمْ صَادِقِينَ ۞<br>ဟောပြောလော့၊ "သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ပရမတ်ဘုရားရှင်၏ ဝဋ်ကြွေးဒဏ်သည် သင်တို့ထံသို့ ပေးရောက်သော် သို့မဟုတ် သတ်မှတ်ချိန်အား ပေးရောက်ခဲ့သော် ပရမတ်ဘုရားရှင်မှအပ ဆုတောင်းစရာကို မြင်ကြသလော၊" |
| ၄၁။<br>☆၂း၂၄ | بَلْ إِيَّاهُ تَدْعُونَ فَيَكْشِفُ مَا تَدْعُونَ إِلَيْهِ إِنْ شَاء وَتَنسَوْنَ مَا تُشْرِكُونَ ۞<br>အမှန်မှာ အရှင့်ထံ၌သာ ဆုတောင်းကြလတ္တံ့၊ ဆုတောင်းမှုများပေါ်၌ ဖယ်ရှားတော်မူအံ့၊ စံချိန်ပြည့်ခဲ့လျှင်☆ သင်တို့သည် ရောပြွန်းကိုးကွယ်ခဲ့သည်များကို မေ့ပစ်ကြလတ္တံ့။ |
| ၄၂။<br>☆၉း၃၃<br>စေလွှတ် | وَلَقَدْ أَرْسَلنَآ إِلَى أُمَمٍ مِّن قَبْلِكَ فَأَخَذْنَاهُمْ بِالْبَأْسَاء وَالضَّرَّاء لَعَلَّهُمْ يَتَضَرَّعُونَ ۞<br>ငါသည် သင့်အလျှင် အသိုင်းအဝိုင်းတို့ထံ ဥဏ်စဉ်ဆောင်များ စေစား၏။☆ ထို့နောက် သူတို့အား နိဝါတတရား ရှိအံ့သောငှာ ကျပ်တည်းခြင်း ဝေဒနာဖြစ်ခြင်းများဖြင့် ဖမ်းယူခဲ့၏၊ |
| ၄၃။<br>✡၂း၁၄ | فَلَوْلا إِذْ جَاءهُمْ بَأْسُنَا تَضَرَّعُواْ وَلَـكِن قَسَتْ قُلُوبُهُمْ وَزَيَّنَ لَهُمُ الشَّيْطَانُ مَا كَانُواْ يَعْمَلُونَ ۞<br>ငါက ဆင်းရဲဒုက္ခဖြင့် စုံစမ်းသည့်တိုင် နှိမ့်ချခြင်း မရှိကြချေ။ သူတို့၏ နှလုံးသားသည် မာပြင်းလျက်ပင် ရှိကြ၏။ |

---

(၃၅၄) တိုက်ရိုက် အာရ်ဗီစာသားမှာ "မိုးသို့ တက်ရန် လှေကားတစ်ခုကို ယူဆောင်ခဲ့သော်လည်း" ဟု ဖြစ်ပေသည်။ သို့သော် ၎င်း၏ အဓိပ္ပါယ်မှာ မြေသျှိုး မိုးပျံခြင်း။ ဈာန်ရခြင်း (မဖြစ်နိုင်သည်) ကို ဆိုလို ခြင်းဖြစ်ပေသည်။ ၅၂း၃၈ တွင်ကြည့်ပါ။
(၃၅၅) ဤသုတ်တော်တွင် ဖေါ်ပြသော သတ္တဝါနှစ်မျိုးမှာ လောကီ(မြေ)၌ နစ်မွန်းနေသော သာမန်လူတန်းစားနှင့် ဥဏ်စဉ်ရေးရာ မြင့်မားစေရန် (ပျံတက်နိုင်ရန်) အားထုတ်သော လူတန်းစားကို ပုံဆောင်ခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | မကောင်းဆိုးဝါးက☆ သူတို့ ၏ ကျင့်ကြံမှုများအား တင့်တယ်နေစေ၏။ |
| ၄၄။ | فَلَمَّا نَسُواْ مَا ذُكِّرُواْ بِهِ فَتَحْنَا عَلَيْهِمْ أَبْوَابَ كُلِّ شَيْءٍ حَتَّى إِذَا فَرِحُواْ بِمَا أُوتُواْ أَخَذْنَاهُم بَغْتَةً فَإِذَا هُم مُّبْلِسُونَ<br>သူတို့အား သတိရစေသည်ကို မေ့ပစ်ကြကုန်၏၊ သူတို့အား ပေးအပ်ရာများ၌ မော်ကြွားနေသည့် တိုင်အောင် ငါသည် သူတို့အပေါ်၌ ခပ်သိမ်းသော ထွက်ပေါက်များကို ဖွင့်ထားတော်မူ၍၊ သူတို့အား ရုတ်တရက် ဖမ်းဆီးလိုက်သော် ရှေးရိုးစွဲများအတိုင်း ဖြစ်သွားရ၏။ |
| ၄၅။ | فَقُطِعَ دَابِرُ الْقَوْمِ الَّذِينَ ظَلَمُواْ وَالْحَمْدُ لِلّهِ رَبِّ الْعَالَمِينَ<br>အမိုက်စီးသူတို့၏ ရေသောက်မြစ်ကို ဖြတ်တောက်ပစ်တော်မူ၏။ ရည်သန်စူးစိုက်မှု အပေါင်းသည် စကြာဝဠာများ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် အဘို့သာ ဖြစ်၏။ |
| ၄၆။ | قُلْ أَرَأَيْتُمْ إِنْ أَخَذَ اللّهُ سَمْعَكُمْ وَأَبْصَارَكُمْ وَخَتَمَ عَلَى قُلُوبِكُم مَّنْ إِلَـهٌ غَيْرُ اللّهِ يَأْتِيكُم بِهِ انظُرْ كَيْفَ نُصَرِّفُ الآيَاتِ ثُمَّ هُمْ يَصْدِفُونَ<br>ဟောလော့ "ပရမတ်ဘုရားရှင်သည် သင်တို့၏ ကြားခြင်း မြင်ခြင်းကို သုတ်ယူပစ်၍၊ သင်တို့၏ နှလုံးသားကို အဆုံးသတ်လိုက်လျှင်၊ ပရတ်မတ်ဘုရားရှင်မှအပ ၎င်းကို သင်တို့ထံသို့ ချီးမြှင့်နိုင်သော အခြား ဘုရားဟူ၍ ရှိသေးသည် ဟု သင်တို့ မြင်ကြသလော၊" |
| ၄၇။ | قُلْ أَرَأَيْتَكُمْ إِنْ أَتَاكُمْ عَذَابُ اللّهِ بَغْتَةً أَوْ جَهْرَةً هَلْ يُهْلَكُ إِلاَّ الْقَوْمُ الظَّالِمُونَ<br>ဟောလော့ "ပရမတ်ဘုရားရှင်၏ ဝဋ်ကြွေးဒဏ်သည် သင်တို့ထံသို့ အမှတ်တမဲ့ သို့မဟုတ် ထင်သာမြင်သာ ပေးရောက်ခဲ့သော်၊ အမိုက်စီးသော လူမျိုးမှအပ အခြားသူအား ပျက်စီးစေမည်ဟု သင်တို့ မြင်ကြသလော၊" |
| ၄၈။<br>☆၉း၃၃ | وَمَا نُرْسِلُ الْمُرْسَلِينَ إِلاَّ مُبَشِّرِينَ وَمُنذِرِينَ فَمَنْ آمَنَ وَأَصْلَحَ فَلاَ خَوْفٌ عَلَيْهِمْ وَلاَ هُمْ يَحْزَنُونَ<br>ငါသည် ဥဂ္ဂဏ်စဥ်ဆောင်များအား သတင်းကောင်းပေးသူ၊ သတိပေးသူ အဖြစ်မှ အပ စေစားသည်☆ မဟုတ်၊ ယုံကြည်လျှက် ပြုပြင်ပြောင်းလဲမှု ပြုသူ မည်သူမဆို ကြောက်ရွံ့ရမည် မဟုတ်၊ ပူးဆွေးရမည်လည်း မဟုတ်ချေ။ |
| ၄၉။ | وَالَّذِينَ كَذَّبُواْ بِآيَاتِنَا يَمَسُّهُمُ الْعَذَابُ بِمَا كَانُواْ يَفْسُقُونَ<br>ငါ၏ သုတ်ဒေသနာများကို ငြင်းဆန်သော သူတို့အား၊ သူတို့၏ ယုတ်မာမှုအတွက် ဝဋ်ကြွေးဒဏ်များ ထိစေမည်။ |
| ၅၀။<br>☆၂း၂၀ | قُل لاَّ أَقُولُ لَكُمْ عِندِي خَزَآئِنُ اللّهِ وَلا أَعْلَمُ الْغَيْبَ وَلا أَقُولُ لَكُمْ إِنِّي مَلَكٌ إِنْ أَتَّبِعُ إِلاَّ مَا يُوحَى إِلَيَّ قُلْ هَلْ يَسْتَوِي الأَعْمَى وَالْبَصِيرُ أَفَلاَ تَتَفَكَّرُونَ<br>ဟောလော့ "ပရမတ်ဘုရားရှင်၏ တန်ခိုးများ၊ စကြာ့လျှို့ဝှက်ချက်များကို သိနိုင်စွမ်းများ ကျွန်ုပ်၌ ရှိသည်ဟု သင်တို့အား ပြောခဲ့သလော၊ ကျွန်ုပ်သည် နတ်မင်းကြီးတစ်ပါး☆ ဖြစ်သည်ဟုလည်း မပြောခဲ့ပေ။ ကျွန်ုပ်အား အာရုံစျာန်သက်ဝင် သည်ကိုသာ လိုက်နာ၏။" "အကန်းနှင့် မြင်နိုင်သူသည် ထပ်တူထပ်မျှ ဖြစ်သလော၊ စီစစ်သုံးသပ် နိုင်စွမ်း မရှိကြသလော၊" ဟု မေးမြန်းလော့။[၃၅၆] |

(၃၅၆) ဤသုတ်တော်မှ "**ခဇာအိန**"၏ တိုက်ရိုက်အဓိပ္ပါယ်မှာ ရတနာများ၊ ဘဏ္ဍာများဟု ဖြစ်ပေသည်။ ဤသုတ်တော်၌ ကိုယ်တော်မုဟမ္မဒ်သည် သူ့ကိုယ်သူ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်များကို ပိုင်ဆိုင်သူဟု မဆိုကြောင်း ပြောထားသောကြောင့် "တန်ခိုး တ္တိတ္တိပါဒ်များ" ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။ ရာစုနှစ်ပေါင်းများစွာ ရုပ်ပွားဆင်းတု ကိုးကွယ်ပသမှု၌ ပျော်မွေ့နေကြသော အာရဗ်လူမျိုးများသည် ကိုယ်တော်မုဟမ္မဒ်အား ပုဂ္ဂိုလ်ရေး ဆည်းကပ် ကိုးကွယ် ဦးချ ကန်တော့ကြရန် ဝန်မလေးချေ။ သူတို့သည် ကိုယ်တော်မုဟမ္မဒ်အား "ဘုရားတစ်ဆူ" ဝါဒ အတွက် ဟောကြားမှုကို ရပ်ပေးလျှင် သူတို့ကိုးကွယ်သော ဘုရားများအနက်မှ တစ်ပါးအဖြစ် ကိုးကွယ်မည် ဖြစ်ကြောင်း နိုင်ငံတော်၏ သာသနာ ဥသျှောင် အဖြစ် ဆည်းကပ် ပူဇော်မည် ဖြစ်ကြောင်း နည်းမျိုးစုံဖြင့် နားချ စည်းရုံးခဲ့ပေသည်။ ကိုယ်တော်သည် ပုဂ္ဂိုလ်ရေး အရှိန်အဝါကို မျှော်လင့်၍၊ ရာထူး အာဏာကို

| | |
|---|---|
| ၅၁။ | وَأَنذِرْ بِهِ الَّذِينَ يَخَافُونَ أَن يُحْشَرُواْ إِلَى رَبِّهِمْ لَيْسَ لَهُم مِّن دُونِهِ وَلِيٌّ وَلاَ شَفِيعٌ لَّعَلَّهُمْ يَتَّقُونَ<br>သူတို့အတွက် အရှင်မှအပ ကွပ်ကဲသူ မရှိ၊ တုဘက်နိုင်သူ မရှိ၊ ဖက်စက်ဂုဏ်တူ မရှိသော ကံကြမ္မာရှင်၏ ထံသို့သာ စုဆောင်းခံရမည်ဟု စိုးကြောက်မှု ရှိသူများအား စည်းစောင့်အံ့သောငှာ သတိပေးနှိုးဆော်လော့၊ |
| ၅၂။ | وَلاَ تَطْرُدِ الَّذِينَ يَدْعُونَ رَبَّهُم بِالْغَدَاةِ وَالْعَشِيِّ يُرِيدُونَ وَجْهَهُ مَا عَلَيْكَ مِنْ حِسَابِهِم مِّن شَيْءٍ وَمَا مِنْ حِسَابِكَ عَلَيْهِم مِّن شَيْءٍ فَتَطْرُدَهُمْ فَتَكُونَ مِنَ الظَّالِمِينَ<br>အာရုံတက်၊ ညဦးယံ၌ ကံကြမ္မာရှင်ထံမှ မျက်နှာသာရန် လိုလား၍ ဝတ်ပြုဆုတောင်းသူတို့အား အော်မထုတ်လေနှင့် သူတို့အတွက် သင်သည် စိုးစဉ်းမျှ ဖြေကြားပေးရန် မလိုချေ၊ သူတို့သည်လည်း သင့်အတွက် အဖြေပေးရန် စိုးစဉ်းမျှ မလိုချေ၊ သူတို့အား အော်ထုတ်ခဲ့လျှင် သင်သည် အမိုက်စီးသူများ အနက်မှ ဖြစ်ရချေပြီ။[၃၅၇] |
| ၅၃။ | وَكَذَلِكَ فَتَنَّا بَعْضَهُم بِبَعْضٍ لِّيَقُولواْ أَهَؤُلاء مَنَّ اللهُ عَلَيْهِم مِّن بَيْنِنَا أَلَيْسَ اللهُ بِأَعْلَمَ بِالشَّاكِرِينَ<br>"ကျွန်ုပ်တို့အနက် ဤသူများကိုသာ ပရမတ်ဘုရားရှင်က ကျေးဇူးပြုသလော၊"ဟု မေးမြန်းရရန် ငါသည် သူတို့မှ အချို့ကို အချို့အားဖြင့် ဤသို့ စုံစမ်းတော်မူ၏။ ပရမတ်ဘုရားရှင်သည် ကျေးဇူးသိသူတို့အား သိနေသောအရှင် မဟုတ်တုံလော။ |
| ၅၄။ | وَإِذَا جَاءكَ الَّذِينَ يُؤْمِنُونَ بِآيَاتِنَا فَقُلْ سَلاَمٌ عَلَيْكُمْ كَتَبَ رَبُّكُمْ عَلَى نَفْسِهِ الرَّحْمَةَ أَنَّهُ مَن عَمِلَ مِنكُمْ سُوءًا بِجَهَالَةٍ ثُمَّ تَابَ مِن بَعْدِهِ وَأَصْلَحَ فَأَنَّهُ غَفُورٌ رَّحِيمٌ<br>ငါ၏ သုတ်ဒေသနာတို့အား ယုံကြည်သူများသည် သင်ထံသို့ ရောက်လာသောအခါ၊ "သင်တို့၌ ငြိမ်းချမ်းမှု ခပါစေ၊ သင်တို့၏ ကံကြမ္မာရှင်သည် အရှင်၏ စရိုက်တော်အား ကရုဏာအဖြစ် ပြဋ္ဌာန်းထား၏၊ သင်တို့အနက် မသိမှုမှား အကုသိုလ် ပြုမိသူသည် ပြီးနောက်မှ ခဝါချလျှက် ပြုပြင်ကြလျှင် အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏၊"ဟု ဆိုကြလတ္တံ့။ |
| ၅၅။ | وَكَذَلِكَ نفَصِّلُ الآيَاتِ وَلِتَسْتَبِينَ سَبِيلُ الْمُجْرِمِينَ<br>ရာဇဝတ်ကောင်တို့၏ လမ်းစဉ်ကို ရှင်းလင်းစေရန် သုတ်ဒေသနာများကို ဤနည်းအတိုင်း ဖွင့်ဆိုတော်မူ၏။ |
| ၅၆။ | قُلْ إِنِّي نُهِيتُ أَنْ أَعْبُدَ الَّذِينَ تَدْعُونَ مِن دُونِ اللهِ قُل لاَّ أَتَّبِعُ أَهْوَاءكُمْ قَدْ ضَلَلْتُ إِذًا وَمَا أَنَاْ مِنَ الْمُهْتَدِينَ<br>ဟောလော့"ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် ဝတ်ပြုဆုတောင်းရာတို့အား ကိုးကွယ်ခြင်းမှ ကျွန်ုပ်အား တားမြစ်တော်မူ၏။" "ကျွန်ုပ်အား လွဲမှားစေသော– လမ်းညွှန်ရသူတို့မှ မဖြစ်နိုင်သော အသင်တို့၏ ရမက်များသို့ ကျွန်ုပ် လိုက်နာမည် မဟုတ်ချေ၊"ဟု ထပ်ပြောလော့။ |

---

မျှော်လင့်၍ အစ္စလာမ်သာသနာအား ဟောပြော ဖြန့်ချိခဲ့ခြင်း မဟုတ်ချေ။ ထိုသူတို့၏ ကမ်းလှမ်း စည်းရုံးချက်များကို လက်မခံသောကြောင့် ကိုယ်တော့်အား အသက် အန္တရာယ်ပြုခဲ့သည်မှာ အကြိမ်ကြိမ်ပင်။ ကိုယ်တော်၏ ပုဂ္ဂိုလ်ရေး မတည်ဆောက်မှု ကျေးဇူးကြောင့် အစ္စလာမ် သာသနာဝင်များသည် လူ လူချင်း ကိုးကွယ်ဆည်းကပ်ခြင်း မရှိ လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာကို ပြည့်ပြည့်ဝဝ ခံစား ရရှိနေပေသည်။ လူသားချင်း ကိုးကွယ်မှုအား ပိဋကတ်တော်၏ အပဒါန ပါဠိ ဒုတိယတွဲ ဝက္ကလိထေရာ ၅၃–၅၅ တွင်လည်း ထင်ရှားစွာ တားမြစ်ထားပေသည်။

(၃၅၇) အစ္စလာမ်သမိုင်းပညာရှင်အားလုံးနှင့် ကျမ်းတော်ကို ဖွင့်ဆိုသော ကျမ်းအားလုံး၏ သဘောတူညီချက်မှာ ဤသုတ်တော်မှာ "ကိုယ်တော် မုဟမ္မဒ်သည် သူဆင်းရဲများ၊ အစ္စလာမ်သာသနာကြောင့် ကျွန်ဘဝမှ လွတ်မြောက်လာသူများကို သာသနာမှ မောင်းထုတ်ပေးလျှင် အချို့သော ကုရိုက်ရှ် (လူမျိုးကြီး) ခေါင်းဆောင်များက အစ္စလာမ် သာသနာကို လက်ခံမည်" ဟု ကမ်းလှမ်းလာသော အချိန်၌ ကိန်းဝပ်ပညတ်ပေးသော ဥပဒေတော် ဖြစ်သည်။ အစ္စလာမ် သာသနာသည် အကျင့်သီလအပေါ်၌သာ လူတစ်ဦး၏ အဆင့်အတန်းကို သတ်မှတ်၍ ဆင်းရဲ ချမ်းသာ၊ အဖြူ အမဲ၊ မျိုးရိုးဇာတိ၊ ကျား၊ မ ပေါ်၌ လူတန်းစား ခွဲခြားမှုကို တားမြစ်ထားသောကြောင့် ထိုခေါင်းဆောင်များ၏ ကမ်းလှမ်းချက်ကို လက်မခံဘဲ ဘုရား တရား ကြည်ညိုသော သူဆင်းရဲများကို သာသနာ (အသိုင်းအဝိုင်း)မှ မောင်းထုတ်ခြင်းကို တားမြစ်ခြင်း ဖြစ်သည်။

| | |
|---|---|
| ၅၇။ | **قُلْ إِنِّي عَلَى بَيِّنَةٍ مِّن رَّبِّي وَكَذَّبْتُم بِهِ مَا عِندِي مَا تَسْتَعْجِلُونَ بِهِ إِنِ الْحُكْمُ إِلاَّ لِلّهِ يَقُصُّ الْحَقَّ وَهُوَ خَيْرُ الْفَاصِلِينَ۝**<br>ဟောလော့ "ကျွန်ုပ်သည် သင်တို့က ငြင်းဆန်သော ကံကြမ္မာရှင်၏ ရှင်းလင်းချက်တော်၌ ရှိ၏၊ သင်တို့ ဆန္ဒစောသည့် အရာသည် ကျွန်ုပ်ထံ၌ မရှိချေ၊ သစ္စာတရားအား မိန့်မြွက်သော ပရမတ်ဘုရားရှင်သည်သာ ဆုံးဖြတ်နိုင်တော်မူ၏၊ အရှင်သည်သာ အကောင်းမြတ်ဆုံး အမိန့်ချမှတ်တော်မူသော အရှင်ဖြစ်၏။" |
| ၅၈။ | **قُل لَّوْ أَنَّ عِندِي مَا تَسْتَعْجِلُونَ بِهِ لَقُضِيَ الأَمْرُ بَيْنِي وَبَيْنَكُمْ وَاللّهُ أَعْلَمُ بِالظَّالِمِينَ۝**<br>ဟောပြောလော့ "သင်တို့ ဆန္ဒစောနေသောအရာသည် ကျွန်ုပ်ထံ၌ ရှိခဲ့လျှင် အသင်တို့နှင့် ကျွန်ုပ်၏ ကြား၌ စီမံ ချက်ချပြီးလတ္တံ့။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်တို့အား ကုန်စင်သိနေတော်မူ၏။"[၃၅၈] |
| ၅၉။ | **وَعِندَهُ مَفَاتِحُ الْغَيْبِ لاَ يَعْلَمُهَا إِلاَّ هُوَ وَيَعْلَمُ مَا فِي الْبَرِّ وَالْبَحْرِ وَمَا تَسْقُطُ مِن وَرَقَةٍ إِلاَّ يَعْلَمُهَا وَلاَ حَبَّةٍ فِي ظُلُمَاتِ الأَرْضِ وَلاَ رَطْبٍ وَلاَ يَابِسٍ إِلاَّ فِي كِتَابٍ مُّبِينٍ۝**<br>အရှင်မှ အပ သိနိုင်သူ မရှိသော စကြွာလွန်များ အတွက် သော့များသည် အရှင်ထံ၌ ရှိနေ၏။[၃၅၉] အရှင်သည် မြေ ရေ နှစ်ပါး၌ ရှိသည်တို့ကို သိနေတော်မူ၏၊ သစ်တစ်ရွက် ကြွေကျလေလျှင် အရှင်သိနေတော်မူ၏၊ မြေကမ္ဘာ၏ အမှောင်တွင်းမှ သစ်စေ့တစ်စေ့၊ စိမ်းလန်းခြင်း၊ ခြောက်သွေ့ခြင်း တို့သည် ထင်ရှားစွာ မှတ်တမ်းတင်ပြီး ဖြစ်၏။[၃၆၀] |
| ၆၀။ | **وَهُوَ الَّذِي يَتَوَفَّاكُم بِاللَّيْلِ وَيَعْلَمُ مَا جَرَحْتُم بِالنَّهَارِ ثُمَّ يَبْعَثُكُمْ فِيهِ لِيُقْضَى أَجَلٌ مُّسَمًّى ثُمَّ إِلَيْهِ مَرْجِعُكُمْ ثُمَّ يُنَبِّئُكُم بِمَا كُنتُمْ تَعْمَلُونَ۝**<br>ထိုအရှင်သည် ညဉ့်၌ သင်တို့၏ ခန္ဓာနားစေတော်မူ၍၊ နေ့၌ သင်တို့လုပ်ရှားသမျှကို သိနေသော အရှင် ဖြစ်၏၊ တဖန် သတ်မှတ် သက်တမ်းအား ဖြည့်ဆီးရန် သင်တို့အား နိုးထစေတော်မူ၏။ ထို့နောက် သင်တို့သည် အရှင့် ထံသို့သာ စုပေါင်းရ၍၊ အသင်တို့ ကျင့်ကြံခဲ့သမျှကို ထုတ်ပြန်တော်မူမည်ပင်။ |
| ၆၁။<br><br>☆၉း၃၃ | **وَهُوَ الْقَاهِرُ فَوْقَ عِبَادِهِ وَيُرْسِلُ عَلَيْكُم حَفَظَةً حَتَّىَ إِذَا جَاء أَحَدَكُمُ الْمَوْتُ تَوَفَّتْهُ رُسُلُنَا وَهُمْ لاَ يُفَرِّطُونَ۝**<br>အရှင်သည် အမှုတော်ဆောင်များ အပေါ်၌ အဓိပတိ ဖြစ်၏၊ သင်တို့အနက် တစ်စုံတစ်ယောက်ထံသို့ အနိစ္စတရား ရောက်သည့်တိုင် စောင့်ရှောက်သူအား စေထားတော်မူ၍၊☆ သူ့အား ငါ၏ ဉာဏ်စဉ်ဆောင်များက နိဗ္ဗိတံစေ၏၊ သူ |

---

(၃၅၈) ဆန္ဒစောနေသောအရာများ ဆိုသည်မှာ ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်အားဖြင့် ကိုယ်တော် ဟောပြောသော ဝဋ်ကြွေးနှင့် သုခ ခံစားခွင့်ကို ဆိုလိုပေသည်။ မိစ္ဆာဒိဋ္ဌိများသည် ကိုယ်တော်တရား ဟောသောအခါတွင် အသင်ပြောသော ငရဲ၊ ဝဋ်ကြွေးကို ကျွန်ုပ်တို့ထံသို့ ချက်ချင်းပို့လော့ ဟု စောဒကတက် ကပ်ဖက်ခံ တောင်းဆိုသောကြောင့် "သင်တို့ အစောတလျှင် တောင်းဆိုသောအရာ" ဟု ကျမ်းတော်က သုံးပေသည်။ ဝဋ်ကြွေး ခံရမှုသည်လည်းကောင်း၊ သုခစံရမှုသည်လည်းကောင်း သတ်မှတ်ချက် ရည်ချိန်ပြည့်မှု အပေါ်၌သာ တည်နေပေသည်။ ၂း၇၀ တွင် ကြည့်ပါ။
(၃၅၉) သာမန် မံသမျက်စိဖြင့် မမြင်နိုင်သော (ဉာဏ်မျက်စိဖြင့်သာ မြင်နိုင်သော) အရာများကို သိနိုင်သော သော့ချက်များမှာ ပရမတ်ဘုရားရှင်၏ ထံ၌သာ ရှိပေသည်။ အရှင်သည် ဉာဏ်စဉ်အပေါင်း၏ ဇစ်မြစ် ဖြစ်၏။ ထို့ကြောင့် ပရမတ်ဘုရားအား အမှုတော်ဆောင်ခြင်းဖြင့် ဉာဏ်စဉ်ရေးရာ ရင့်ကျက်လာစေရန် ကျင့်ကြံသင့်ပေသည်။ ဉာဏ်စဉ်ရင့်ကျက်လေလေ သာမန်လူသားများထက် ပိုမို သိရှိလေလေပင် ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်အား ချဉ်းကပ်နည်း၊ ဉာဏ်စဉ်ရေးရာ ကျင့်ဆောင်နည်းများသည် လူသားများ စိတ်ကူးဖြင့် ရေးသား တည်းဖြတ်ထားသော ကျမ်းများ၌ တွေ့ရမည် မဟုတ်ချေ။
(၃၆၀) ဤသုတ်တော်မှ သစ်ရွက်၊ သစ်စေ့၊ စိမ်းလန်းမှု ခြောက်သွေ့မှုများအား ရုက္ခဗေဒ ပညာရှင်များ အနေဖြင့်လည်း ၎င်းတို့၏ ဗဟုသုတ အလျောက် ဖွင့်ဆိုနိုင်ပါသည်။ ဤဘာသာပြန်တွင် အစ္စလာမ်သမိုင်း၊ ခေါင်းဆောင်နှင့် နောက်လိုက်တို့၏ စိတ်နေသဘောထားနှင့် ဒဏ္ဍာရီ ကင်းသော ဝိပဿနာ သဘောတရားများကို ဦးစားပေး ဖွင့်ဆိုသောကြောင့် –စိမ်းလန်းခြင်း ခြောက်သွေ့ခြင်းကို ထင်ရှားစွာ မှတ်တမ်းတင်ထားပြီး ဆိုသည်မှာ လောက ဓမ္မ၏ ဖြစ်ပျက်နိယာမကို ဖေါ်ညွှန်း၍ သစ်ရွက် ကြွေကျခြင်း ဟူသည့် မဟာလူမျိုးကြီး ကုရိုက်ရှ်တို့၏ ကျဆုံးခန်း၊ အာရဗ်တို့၏ အမိုက်မှောင်တွင်းမှ မျိုးစေ့တည်ခဲ့ရသော အစ္စလာ့မ်မျိုးစေ့၏ ရှင်သန်ထွန်းပေါ်လာရန် နိမိတ်တို့ကို ဝက်ဝုတ္တိအလင်္ကာဖြင့် တင်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | တို့သည် လစ်ဟင်းသူများ မဟုတ်ချေ။[၃၆၁] |
| ၆၂။ | **ثُمَّ رُدُّواْ إِلَى اللّهِ مَوْلاَهُمُ الْحَقِّ أَلاَ لَهُ الْحُكْمُ وَهُوَ أَسْرَعُ الْحَاسِبِينَ** ۞<br>ထို့နောက် အရှင်သခင်[၃၆၂] အစစ်အမှန်ဖြစ်သော ပရမတ်ဘုရားရှင်၏ ဘက်သို့ ပို့ဆောင်ခံရလတ္တံ့၊ ဓမ္မသတ်သည် အရှင်၏ အချုပ်အခြာ၌သာ ရှိ၍၊ အရှင်သည် တုံ့ဆိုင်းခြင်းမရှိသော စာရင်းစစ် ဖြစ်တော်မူ၏။ |
| ၆၃။ | **قُلْ مَن يُنَجِّيكُم مِّن ظُلُمَاتِ الْبَرِّ وَالْبَحْرِ تَدْعُونَهُ تَضَرُّعاً وَخُفْيَةً لَّئِنْ أَنجَانَا مِنْ هَذِهِ لَنَكُونَنَّ مِنَ الشَّاكِرِينَ** ۞<br>ဟောကြားလော့ "သင်တို့အား ရေမြေ အမှောင်ထုမှ မည်သူက ကယ်နုတ်ခဲ့သနည်း၊ ဤမှ သင်တို့အား ကယ်နုတ်လျှင် အသင်တို့သည် ကျေးဇူးသိတတ်သူများမှ ဖြစ်ကြမည်ဟု အရှင့်အား ဟစ်အော်၍လည်းကောင်း၊ ငြိမ်သက်စွာလည်းကောင်း ဝတ်ပြုဆုတောင်းခဲ့ကြ၏၊" |
| ၆၄။<br><br>အမှောင် | **قُلِ اللّهُ يُنَجِّيكُم مِّنْهَا وَمِن كُلِّ كَرْبٍ ثُمَّ أَنتُمْ تُشْرِكُونَ** ۞<br>ဟောလော့၊ ပရမတ်ဘုရားရှင်သည် **ထို**မှ– စိတ်ကြွရာများမှ ကယ်နုတ်ခဲ့၏၊ တဖန် သင်တို့သည် ရောပြွန်းကိုးကွယ်သူများ ဖြစ်ကြကုန်သတည်း။ |
| ၆၅။ | **قُلْ هُوَ الْقَادِرُ عَلَى أَن يَبْعَثَ عَلَيْكُمْ عَذَابًا مِّن فَوْقِكُمْ أَوْ مِن تَحْتِ أَرْجُلِكُمْ أَوْ يَلْبِسَكُمْ شِيَعاً وَيُذِيقَ بَعْضَكُم بَأْسَ بَعْضٍ انظُرْ كَيْفَ نُصَرِّفُ الآيَاتِ لَعَلَّهُمْ يَفْقَهُونَ** ۞<br>ဟောလော့၊ အရှင်သည် အသင်တို့၏ အပေါ်မှဖြစ်စေ၊ ခြေထောက်များ အောက်မှဖြစ်စေ ဝဋ်ကြွေး ပြစ်ဒဏ်ကို ဖေါ်ဆောင်ရန်၊ သို့တည်းမဟုတ် သင်တို့ချင်း မရှင်းမလင်း ဂိုဏ်းကွဲစေလျက် အချို့၏ အတိုက်အခိုက်ကို အချို့အား မြည်းစမ်းစေရန် စည်းချိန်ချမှတ်နိုင်၏။ အသင်တို့ သဘောပေါက်စေအံ့ငှာ ငါ၏ သုတ်ဒေသနာများကို မည်သို့ ထပ်ပြန်တလဲလဲ ရှင်းပြသည်ကို ကြည့်ကြကုန်လော့။[၃၆၃] |

(၃၆၁) ဤသုတ်တော်မှ **"ရှို့ဆို့လိုနာ"** ကို ဘာသာပြန် ဆရာတော်ကြီး အများစုက "ငါအရှင်၏ ကောင်းကင်တမန်များ" ဟု ဘာသာပြန်လျှက် အသက်နှုတ်သော သေမင်းများဟု ဆိုကြပေသည်။ ဤသတ္တလောက၌ သေမင်းသည် **တစ်ပါးတည်း** ရှိသည်ဟု ယုံကြည် ရေးသားနေကြသော ထိုဆရာတော်ကြီးများက ယခုဝါကျမှ **"ရှို့ဆို့လိုနာ"** ကို **သေမင်းများ**ဟု လိုလိုလားလား ဘာသာပြန် ယုံကြည်ခြင်းမှာ ကမောက်ကမ ယုံကြည်သော သူတို့၏ အလေ့အကျင့်ကို သိပြီးသား ပညာတတ်မျိုးဆက်များ အတို့ရာ အံ့ဩစရာ မဟုတ်တော့ချေ။ ဤဝါကျ အပါအဝင် ကျမ်းတော် တစ်အုပ်လုံးရှိ **ရှို့ဆို့လိုနာ**မှာ "ငါအရှင်၏ ဥဏ်စဉ်ဆောင်များ"ဟုသာ အနက်ကို ပေးပေသည်။ လူသားများအတွက် ပွင့်ပေါ်သော ရစူလ် "ဥဏ်စဉ်ဆောင်" ဆိုသည်မှာ သူတို့အဆိုဖြစ်သော ကောင်းကင်တမန် (နတ်ဒေဝတာ) မဟုတ်ချေ။ လူသားစင်စစ်များသာ ဖြစ်ပေသည် (၆း၉)။ ဥဏ်စဉ်ဆောင်များက သူတို့အား နိဗ္ဗာန်စေသည် ဆိုခြင်းမှာ သူတို့၏ အယူဝါဒဆိုးများကို ပယ်သတ်ပေးခြင်း ဖြစ်ပေသည်။ ဤအကြောင်းအား တရားမရှိ အမှောင်ကျစဉ် သေနေသော သူများအား တရားအလင်းရောင် ပေါ်ထွန်းခြင်း နေ့၌ ပြန်လည် ရှင်သန်စေသည် ဟူသည့် ၆း၆၀ က ရှင်းလင်းစွာ ထောက်ပြထားပေသည်။

(၃၆၂) **အရှင်သခင်** ဆိုသော စကားကို အာရ်ဗီဘာသာဖြင့် "မောင်(ဝ်)လာ"ဟု ခေါ်၍၊ ထိုဝေါဟာရမှ မော်လဝီ (ငါ့သခင်) မောင်(ဝ်)လာနာ (ငါတို့၏ သခင်) ဟူ၍ ဆင့်ပွားလာခြင်း ဖြစ်သည်။ ထိုဘွဲ့ကို ကိုယ်တော်၏ သာဝက အရင်းကြီးများ(ဆွာဟာဗာများ) ကိုယ်တိုင် မခံယူခဲ့ချေ။ ကိုယ်တော် ပရိနိဗ္ဗာန်ပြုပြီး နှစ် ၅၀၀ နောက်ပိုင်းတွင် အစ္စလာမ် တက္ကသိုလ်ကြီးများမှ ပေးသော ဘွဲ့ကို ဆွန်နာ (ဆနာ) ဟုခေါ်၍ ဘွဲ့ရရန်မှာ သိပ္ပံပညာ၊ ပထဝီပညာ၊ သင်္ချာပညာ၊ အတွေးအခေါ် ဒဿနပညာ၊ နက္ခတ္တဗေဒပညာ၊ ဆေးပညာ၊ စိုက်ပျိုးရေးပညာနှင့် နိုင်ငံရေးသိပ္ပံ အပါအဝင် လူမှုဗေဒ အားလုံးကို တတ်ကျွမ်းစုံလင်ရပေသည်။ ပထဦးဆုံး တက္ကသိုလ်ကြီးကို ဖာတီမိုက်မင်းဆက် က အေဒီ ၁၀၀၅ တွင် အီဂျစ်၌ စတင်ထူထောင်ခဲ့ခြင်း ဖြစ်သည်။။ မရှေးမနှောင်းပင် အစ္စလာမ် တက္ကသိုလ်ကြီးများမှာ ဥရောပ (စပိန်)၊ အာဖရိကနှင့် အန္ဒိယတိုက်သို့ ပျံ့နှံ့သွားပြီး အန္ဒိယတိုက်တွင် ဘွဲ့ရများကို မော်လဝီ၊ မောင်ဝ်လာနာ ဟူ၍ ခေါ်ပေတော့သည်။ စဦးပိုင်း အစ္စလာမ်တက္ကသိုလ်ကြီးများတွင် ဘာသာမရွေး သင်ကြားနိုင်ပေသည်။ စကားလုံးအရ သခင်စိတ်သွင်းပေးသော်လည်း၊ လူသားသည် လူသားတို့၏ အရှင်သခင် မဟုတ်ပေ။

(၃၆၃) ဤသုတ်တော်တွင် ပြစ်ဒဏ်သုံးမျိုးမှ "သင်တို့၏ အပေါ်မှ" ဆိုသည်မှာ အထက်မျိုးဆက်များ ပြုလုပ်သွားသောကြောင့် သင်တို့ ခံရသော အကျိုးဆက် သို့မဟုတ် မိုးလေဝသ ဖေါက်ပြန်သောကြောင့် ခံရသော ဒုက္ခများ ကိုလည်းကောင်း၊ "အသင်တို့၏ ခြေထောက်များ အောက်မှ" မှာ သားစဉ်မြေးဆက်များ ပြုသောကြောင့် ခံရသော ဒုက္ခ သို့မဟုတ် ရေမြေ ဖေါက်ပြန်သောကြောင့် ခံရသော အကျိုးဆက်နှင့် သင်တို့ချင်း ဂိုဏ်းကွဲ

| | |
|---|---|
| ၆၆။ | **وَكَذَّبَ بِهِ قَوْمُكَ وَهُوَ الْحَقُّ قُل لَّسْتُ عَلَيْكُم بِوَكِيلٍ** ۞<br>ယင်းကို သင့်လူမျိုးတို့က ငြင်းဆန်ခဲ့ကြပြီ၊ ၎င်းသည် ပကတိအမှန်တရား ဖြစ်၏၊ ဟောလော့ “ကျွန်ုပ်သည် သင်တို့အတွက် အုပ်ထိန်းသူ မဟုတ်ချေ။– |
| ၆၇။ | **لِّكُلِّ نَبَإٍ مُّسْتَقَرٌّ وَسَوْفَ تَعْلَمُونَ** ۞<br>–ဆင့်ပြန်မှုတိုင်းအတွက် တည်နေချိန်သည် ရှိ၏၊ အသင်တို့ သိကြရလတ္တံ့။” |
| ၆၈။ | **وَإِذَا رَأَيْتَ الَّذِينَ يَخُوضُونَ فِي آيَاتِنَا فَأَعْرِضْ عَنْهُمْ حَتَّى يَخُوضُواْ فِي حَدِيثٍ غَيْرِهِ وَإِمَّا يُنسِيَنَّكَ الشَّيْطَانُ فَلاَ تَقْعُدْ بَعْدَ الذِّكْرَى مَعَ الْقَوْمِ الظَّالِمِينَ** ۞<br>ငါ၏ သုတ်ဒေသနာများအား သရော်ဆွေးနွေးသူတို့အား တွေ့သော် သူတို့သည် အခြား စကားကြောင်းကို ဆွေးနွေးသည့်အထိ သင် မပတ်သက်လေနှင့်၊ အကယ်၍ မကောင်းဆိုးဝါးက သင့်အား အမှတ်တမဲ့ ဖြစ်စေခဲ့လျှင် သတိဝင်ပြီးနောက် သင်သည် အမိုက်ကောင်များနှင့်အတူ ထိုင်၍မနေနှင့်။ |
| ၆၉။ | **وَمَا عَلَى الَّذِينَ يَتَّقُونَ مِنْ حِسَابِهِم مِّن شَيْءٍ وَلَكِن ذِكْرَى لَعَلَّهُمْ يَتَّقُونَ** ۞<br>စည်းစောင့်သော သူများ အပေါ်၌ စာရင်းရှင်းခြင်း တစ်စုံတစ်ရာမျှ ရှိမည် မဟုတ်ချေ။ သို့ရာတွင် စည်းစောင့်သူများ ဖြစ်အံ့ငှာ သတိပေးရန်သာ ရှိ၏။ |
| ၇၀။ | **وَذَرِ الَّذِينَ اتَّخَذُواْ دِينَهُمْ لَعِبًا وَلَهْوًا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا وَذَكِّرْ بِهِ أَن تُبْسَلَ نَفْسٌ بِمَا كَسَبَتْ لَيْسَ لَهَا مِن دُونِ اللّهِ وَلِيٌّ وَلاَ شَفِيعٌ وَإِن تَعْدِلْ كُلَّ عَدْلٍ لاَّ يُؤْخَذْ مِنْهَا أُوْلَئِكَ الَّذِينَ أُبْسِلُواْ بِمَا كَسَبُواْ لَهُمْ شَرَابٌ مِّنْ حَمِيمٍ وَعَذَابٌ أَلِيمٌ بِمَا كَانُواْ يَكْفُرُونَ** ۞<br>သူတို့၏ သာသနာအား ကစားစရာ၊ အပြင်းဖြေစရာ အဖြစ် ယူမှတ်သော သူများနှင့် လောကီဘဝ၏ လှည့်စားခြင်းကို ခံထားရသူတို့အား အသင် ဉပက္ခာပြုထားလော့၊ သို့သော် ကျင့်ဆောင်မှုကြောင့် စရိုက်ကို ပျက်စေမည့် သူအား သတိပေးလော့၊ ပရမတ်ဘုရားရှင်မှ အပ ကွပ်ကဲသူ၊ အမျှဝေနိုင်သူ ဟု မရှိချေ။ အလုံးစုံသော အစားထိုးခြင်းဖြင့် အစားထိုးသော်လည်း ယူမှတ်မည် မဟုတ်ချေ။ သူတို့သည် မိမိတို့၏ ကျင့်ဆောင်မှုများကြောင့် အပျက်ခံရသူတို့ ဖြစ်၏၊ ဖုံးကွယ်မှုများကြောင့် သူတို့အတွက် ကျွက်ကျွက်ဆူသော သောက်ရေနှင့်၊ စူးနစ်သော ဝဋ်ကြွေးသည် ရှိနေ၏။ |
| ၇၀။ | **قُلْ أَنَدْعُو مِن دُونِ اللّهِ مَا لاَ يَنفَعُنَا وَلاَ يَضُرُّنَا وَنُرَدُّ عَلَى أَعْقَابِنَا بَعْدَ إِذْ هَدَانَا اللّهُ كَالَّذِي اسْتَهْوَتْهُ الشَّيَاطِينُ فِي الأَرْضِ حَيْرَانَ لَهُ أَصْحَابٌ يَدْعُونَهُ إِلَى الْهُدَى ائْتِنَا قُلْ إِنَّ هُدَى اللّهِ هُوَ الْهُدَىَ وَأُمِرْنَا لِنُسْلِمَ لِرَبِّ الْعَالَمِينَ** ۞<br>ဟောလော့ “ပရမတ်ဘုရားရှင်အား တုပြိုင်လျက် ကျွန်ုပ်တို့အား ကောင်ကျိုး ဆိုးကျိုးမပြုသော အရာများကို ဝတ်ပြုဆုတောင်းရမည်လော၊ ပရမတ်ဘုရားရှင်သည် ကျွန်ုပ်တို့အား လမ်းညွှန်ပြီးနောက်၊ လမ်းညွှန်မှန်ရှိရာ ကျွန်ုပ်တို့ထံသို့ လာလော့ဟု ဖိတ်ခေါ်သည့် အဆွေကောင်းရှိလျက် မြေကမ္ဘာ၌ မကောင်းဆိုးဝါး ဖျားယောင်း ခံရသောကြောင့် ပြိုလဲရသူ[၃၆၄] ကဲ့သို့ ဖနောင့်များဘက်သို့ ကျွန်ုပ်တို့ လှည့်ပြန်ရမည်လော၊” “ပရမတ်ဘုရားရှင်၏ လမ်းညွှန်သာလျှင် လမ်းညွှန်မှန် ဖြစ်၏၊ ကျွန်ုပ်တို့အား စကြာဝဠာများ၏ ကံကြမ္မာရှင်အတွက် ငြိမ်းချမ်းမှုပြုရန် မိန့်ညွှန်ခံရ၏၊”ဟု |

---

လျက် ဆိုသည်မှာ လူသားချင်းကြား လူမျိုးရေးကြောင့်၊ အယူအဆကြောင့်၊ ဇာတ်စနစ်ကြောင့်၊ ဆင်းရဲ ချမ်းသာ ကွာဟမှုကြောင့် အာဏာလုမှုများကြောင့် စသည်ဖြင့် ဖြစ်ရသော အဓိကရုန်းများ၊ စစ်ပွဲများ၏ ခံရသော ဒုက္ခများကို ဆိုလိုပေသည်။

**(၃၆၄) အိဆ်တာဟ်ဝါတ်ဟု** ကို ဆရာတော်ကြီးများက တွေဝေနေရသူ၊ အကြံအိုက်နေရသူ ဟု ဘာသာပြန်ကြ၏၊ ထိုစကားလုံးသည် “အမြင့်မှ အောက်သို့ ပြိုလဲကျသည်” ဟု အနက်ပေးသော **“ဟာဝါဟ်”** မှ ဆင်းသက်လာခြင်းကြောင့် ဤနေရာတွင် “ပြိုလဲရသူ” ဟု ပြန်ဆိုခြင်း ဖြစ်သည်။

| | |
|---|---|
| | ဟောပြောလော့။ |
| ၇၂။<br>☆ ၂း၃ | وَأَنْ أَقِيمُواْ الصَّلاةَ وَاتَّقُوهُ وَهُوَ الَّذِيَ إِلَيْهِ تُحْشَرُونَ۝<br>စိတ်လေ့ကျင့်မှု☆ မြဲကြလော့၊ အရှင့်အား စည်းစောင့်ကြလော့၊ သင်တို့အားလုံးကို အရှင့်ထံသို့ စုဆောင်းစေမည်။ |
| ၇၃။<br>☆၂း၂၀<br>★၂း၁၁၇ | وَهُوَ الَّذِي خَلَقَ السَّمَاوَاتِ وَالأَرْضَ بِالْحَقِّ وَيَوْمَ يَقُولُ كُن فَيَكُونُ قَوْلُهُ الْحَقُّ وَلَهُ الْمُلْكُ يَوْمَ يُنفَخُ فِي الصُّوَرِ عَالِمُ الْغَيْبِ وَالشَّهَادَةِ وَهُوَ الْحَكِيمُ الْخَبِيرُ۝<br>အရှင်သည် မိုးများနှင့် မြေကို တိကျမှန်ကန်စွာ ဖြစ်တည်စေခဲ့၏၊☆ ''ဖြစ်၊''ဟု မိန့်သော ကာလ၌ ''ဖြစ်တည်လာရ၏''★ အရှင်၏ စကားတော်သည် ပရမတ္ထသစ္စာ ဖြစ်၏၊ ပုံသဏ္ဍာန်များအား အသက်သွင်းသော[၃၆၅]ကာလ၏ အခွင့်အာဏာသည် အရှင်၏ အချုပ်အခြာ၌ ရှိ၏။ စက္ခုလွန်နှင့် မျက်မှောက်ရှိသည်များကို ကုန်စင်သိနေသော အရှင်ဖြစ်၏၊ အရှင်သည် ဓမ္မသတ်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။ |
| ၇၄။ | وَإِذْ قَالَ إِبْرَاهِيمُ لأَبِيهِ آزَرَ أَتَتَّخِذُ أَصْنَامًا آلِهَةً إِنِّي أَرَاكَ وَقَوْمَكَ فِي ضَلاَلٍ مُّبِينٍ۝<br>အီဗရာဟီးမ်က သူ့၏ ခမည်းတော် အဇာရ်အား ''ဆင်းတုများကို ဘုရားရှင်များ အဖြစ် အယူထားပါသလော၊ ကျွန်ုပ်သည် သင်နှင့် သင့်လူမျိုးတို့အား ထင်ရှားသော လွဲမှားမှု၌ တွေ့ရပြီ၊''ဟု ဆိုသော်– |
| ၇၅။ | وَكَذَلِكَ نُرِي إِبْرَاهِيمَ مَلَكُوتَ السَّمَاوَاتِ وَالأَرْضِ وَلِيَكُونَ مِنَ الْمُوقِنِينَ۝<br>ဤနည်းဖြင့်၊ အီဗရာဟီးမ်အား မျက်တွေ့ယုံကြည်သူတို့မှ ဖြစ်စေအံ့ငှာ ငါသည် မိုးများနှင့် မြေ၌ အခွင့် အာဏာများ၏ အရှင်ဖြစ်ကြောင်း ပြသခဲ့၏။ |
| ၇၆။ | فَلَمَّا جَنَّ عَلَيْهِ اللَّيْلُ رَأَى كَوْكَبًا قَالَ هَذَا رَبِّي فَلَمَّا أَفَلَ قَالَ لا أُحِبُّ الآفِلِينَ۝<br>ည၏ အရိပ်သည် သူ့အား လွှမ်းသောအခါ ကြယ်တစ်ပွင့်ကို မြင်၍ သူက ''ဤသည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏၊'' ဟု ရေရွတ်လျက်၊ ပျယ်သွားသော် ''ကျွန်ုပ်သည် ပျယ်တတ်သည်ကို နှစ်သက်ခြင်း မရှိချေ၊''ဟု ရင့်ကျူး၏။ |
| ၇၇။ | فَلَمَّا رَأَى الْقَمَرَ بَازِغًا قَالَ هَذَا رَبِّي فَلَمَّا أَفَلَ قَالَ لَئِن لَّمْ يَهْدِنِي رَبِّي لأَكُونَنَّ مِنَ الْقَوْمِ الضَّالِّينَ۝<br>လ ထွက်လာသည်ကို မြင်သော်၊ ''ဤသည် ကျွန်ုပ်၏ ကံကြမ္မာရှင် ဖြစ်၏၊''ဟု ရေရွတ်၍၊ ပျယ်သွားပြန်သော်၊ ''ကံကြမ္မာရှင်သည် တပည့်တော်အား လမ်းမညွှန်လျှင်၊ လွဲမှားရသူများမှ ဖြစ်ရလိမ့်မည်၊''ဟု ညီးညူ၏။ |
| ၇၈။ | فَلَمَّا رَأَى الشَّمْسَ بَازِغَةً قَالَ هَذَا رَبِّي هَذَآ أَكْبَرُ فَلَمَّا أَفَلَتْ قَالَ يَا قَوْمِ إِنِّي بَرِيءٌ مِّمَّا تُشْرِكُونَ۝<br>နေ ထွက်လာသည်ကို မြင်သောအခါ ''ဤသည် ကျွန်ုပ်၏ ကံကြမ္မာရှင်ဖြစ်၏၊ ဤသည် အကြီးဆုံးဖြစ်၏၊''ဟု ရေရွတ်၍၊ ပျောက်ကွယ်သွားသော်၊ ''အို အမျိုးသားအပေါင်းတို့ ကျွန်ုပ်သည် သင်တို့ ရောပြွန်းကိုးကွယ်သည်များမှ ကင်းသန့်ပေ၏၊''ဟု ကြွေးကြော်၏။[၃၆၆] |

(၃၆၅) ဆီဟာဟ်၊ ကာမူးဆ်၊ မူးဟ်ကမ် ကျမ်းများနှင့် အီးဒဗယူလိန်း– အာရ်ဗီ အင်္ဂလိပ် ဝေါဟာရ ကျမ်းများ အတိုင်း ပုံစံ (**ဆူး**)၏ အများပြ **ဆူးရ်** ကို ပုံစံများဟု ဤဘာသာပြန်တွင် ပြန်ဆိုခြင်းကြောင့် ဖြစ်တည်စေသော ပုံသဏ္ဍာန်များအား အသက်ဝင်စေသော ကာလဟု ဖြစ်ပေသည်။ **ဆူးရ်** ကို တံပိုးခရာဟုလည်း ပြန်ဆိုနိုင်ပြီး ရှင်သန်စုပေါင်းစေသောကာလ၌ အလုံးစုံသော အရာများ ရှင်သန်လှုပ်ရှားစေရန် တံပိုးခရာမှုတ်၍ အချက်ပေးခြင်းဟု တင်စားပြောဆိုခြင်း ဖြစ်ပေသည်။

(၃၆၆) ကိုယ်တော်အီဗရာဟီးမ်က ယခုမှ ကြယ်၊ လ နေ များကို မြင်ဘူးခြင်း မဟုတ်ချေ။ ငယ်စဉ်ကပင် မြင်ဘူးပြီးသား ဖြစ်ပေသည်။ ဤသုတ်တော်များတွင် ပြောဆိုသော ကြယ် လ နေ ဆိုသည်များမှာ ကြယ်နက္ခတ်အား ကိုးကွယ်သော ဘာသာရေးဂိုဏ်းမှာ အင်အား ကြီးထွားလာခြင်း၊ ဩဇာအာဏာကျဆုံးခြင်း၊ လ ကိုးကွယ်သော အုပ်စုမှ အာဏာရလာခြင်း အာဏာကျဆုံးရခြင်း၊ နေကိုးကွယ်သော အုပ်စုမှာ မင်းမှုအုပ်ချုပ်ခြင်း၊ အုပ်ချုပ်မှုပြိုကွဲရခြင်း စသော မတည်မြဲသည့် သဘောတရားများကို ပမာဆောင်ခြင်း ဖြစ်၍ ထိုအုပ်စုများ အာဏာရလာသည် ဖြစ်စေ၊ ကြီးထွားလာသည် ဖြစ်စေ ထိုသူများ၏ အကြိုက်ကို လိုက်၍ ကိုးကွယ်ယုံကြည်မှု မရှိဘဲ ပရမတ်ဘုရားရှင် ပြဋ္ဌာန်းသော လောကဓမ္မ တရားကိုသာ ရှာမှီးဆည်းကပ်ကြောင်းကို ဖေါ်ပြခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၇၉။ | **إِنِّي وَجَّهْتُ وَجْهِيَ لِلَّذِي فَطَرَ السَّمَاوَاتِ وَالأَرْضَ حَنِيفًا وَمَا أَنَاْ مِنَ الْمُشْرِكِينَ۞**<br>ကျွန်ုပ်သည် ရှေ့ရှုရာ အဖြစ် မိုးများနှင့် မြေကမ္ဘာ၏ မူလလက်သည် အရှင်ဘက်သို့ အယူသန့်စွာ ရှေ့ရှုပါ၏။ ကျွန်ုပ်သည် ရောပြွန်းကိုးကွယ်သူများမှ မဟုတ်ပြီ။ |
| ၈၀။<br>★၂း၇၀ | **وَحَآجَّهُ قَوْمُهُ قَالَ أَتُحَاجُّونِّي فِي اللهِ وَقَدْ هَدَانِ وَلاَ أَخَافُ مَا تُشْرِكُونَ بِهِ إِلاَّ أَن يَشَاء رَبِّي شَيْئًا وَسِعَ رَبِّي كُلَّ شَيْءٍ عِلْمًا أَفَلاَ تَتَذَكَّرُونَ۞**<br>သူ့လူမျိုးများက ခွန်းတုံ့ပြန်သောအခါ၊ သူက "ကျွန်ုပ်အား လမ်းညွှန်ပေးသော ပရမတ်ဘုရားရှင်၌ သင်တို့ ခွန်းတုံ့ပြန်ကြသလော၊"ဟု ဆို၏။ ကျွန်ုပ်သည် ကံကြမ္မာရှင် စံချိန်ပြည့်စေသည်မှအပ★ သင်တို့၏ ရောပြွန်းကိုးကွယ်ရာများကို မကြောက်ပေ၊ ကံကြမ္မာရှင်သည် ခပ်သိမ်းကုန်အား သိနေခြင်းဖြင့် ဉာဏ်စေစားနေ၏၊ သတိရှိကြပါလေစ။ |
| ၈၁။<br>ရောပြွန်းကိုးကွယ်ရန် | **وَكَيْفَ أَخَافُ مَا أَشْرَكْتُمْ وَلاَ تَخَافُونَ أَنَّكُمْ أَشْرَكْتُم بِاللهِ مَا لَمْ يُنَزِّلْ بِهِ عَلَيْكُمْ سُلْطَانًا فَأَيُّ الْفَرِيقَيْنِ أَحَقُّ بِالأَمْنِ إِن كُنتُمْ تَعْلَمُونَ۞**<br>**၎င်းအားဖြင့်** သင်တို့အား အထောက်အထား ချမှတ်ပေးခြင်း မရှိ၊[၃၆၇] သင်တို့ကိုယ်တိုင် ကြောက်ရွံ့မှု မရှိသော ပရမတ်ဘုရားရှင်နှင့် ရောပြွန်းကိုးကွယ်သည့် သင်တို့၏ ရောပြွန်းကိုးကွယ်ရာများကို မည်သို့ ကြောက်ရွံ့အံ့နည်း၊ သင်တို့၌ အသိရှိကြလျှင် အသင်းနှစ်သင်းမှ မည်သူက ဘေးကင်းမှု သေချာလေသနည်း၊"[၃၆၈] |
| ၈၂။ | **الَّذِينَ آمَنُواْ وَلَمْ يَلْبِسُواْ إِيمَانَهُم بِظُلْمٍ أُوْلَئِكَ لَهُمُ الأَمْنُ وَهُم مُّهْتَدُونَ۞**<br>မိမိတို့၏ ယုံကြည်မှုအား မောဟတရားဖြင့် မရောစပ်သော ယုံကြည်သူများ၊ ထိုသူများသည်သာ ဘေးကင်းလုံခြုံကြ၏။ လမ်းညွှန်ခံရသူတို့ ဖြစ်ကြ၏။ |
| ၈၃။<br>★၂း၇၀<br>☆၂း၂၂၈ | **وَتِلْكَ حُجَّتُنَا آتَيْنَاهَا إِبْرَاهِيمَ عَلَى قَوْمِهِ نَرْفَعُ دَرَجَاتٍ مَّن نَّشَاء إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ۞**<br>ထိုအရာသည် အီဗရာဟီးမ်အား သူ့အမျိုးသားတို့က အချေအတင်ပြောစဉ် ချီးမြှင့်ခြင်း ဖြစ်၏။ စံချိန်ပြည့်သူအား★ အခွင့်အလမ်း☆ မြှောက်စားတော်မူ၏၊ ကံကြမ္မာရှင်သည် ဓမ္မသတ်ရှင် သိနေသောအရှင် ဖြစ်၏။ |
| ၈၄။<br>☆၂း၁၃၂<br>❖၃း၃၄<br>✡၅း၇၈<br>✳၄း၁၆၃<br>★၂း၅၁ | **وَوَهَبْنَا لَهُ إِسْحَقَ وَيَعْقُوبَ كُلاًّ هَدَيْنَا وَنُوحًا هَدَيْنَا مِن قَبْلُ وَمِن ذُرِّيَّتِهِ دَاوُودَ وَسُلَيْمَانَ وَأَيُّوبَ وَيُوسُفَ وَمُوسَى وَهَارُونَ وَكَذَلِكَ نَجْزِي الْمُحْسِنِينَ۞**<br>သူ့အား အီစ္စဟာ့က်နှင့် ယာကုဗ်ကို☆ ပေးတော်မူ၏။ သူတို့ကိုယ်စီအား လမ်းညွှန်ရစေ၏။ ရှေးက နူးဟ်❖နှင့် သူ၏ သားစဉ် မြေးဆက် ဖြစ်သော ဒါဝိဒ်✡ စိုလိုင်မံ၊ အိုင်ယုဘ်✳၊ ယူဆွဖ်၊ မူဆာ★ နှင့် ဟာရွန်တို့ကို လမ်းညွှန်ရစေ၏။ ဤသည်မှာ ကောင်းမွန်သူတို့အတွက် အကျိုးဆက်ပင်တည်း။ |
| ၈၅။<br>★၃း၃၈။<br>✡၃၇း၁၂၃ | **وَزَكَرِيَّا وَيَحْيَى وَعِيسَى وَإِلْيَاسَ كُلٌّ مِّنَ الصَّالِحِينَ۞**<br>ဇက္ကရီယာ၊ ယာဟ်ယာ★ ယေရှုနှင့် အီလီယာ့ဆ်✡ တို့ ကိုယ်စီအား ပြုပြင်ပြောင်းလဲသူများမှ ဖြစ်စေ၏။ |
| ၈၆။<br>☆၃၈း၄၈<br>✡၇း၈၀ | **وَإِسْمَاعِيلَ وَالْيَسَعَ وَيُونُسَ وَلُوطًا وَكُلاًّ فضَّلْنَا عَلَى الْعَالَمِينَ۞**<br>အီစမာအီးလ်၊ ယာဆ်အ☆၊ ယူနွတ်စ်နှင့် လု(တ်)✡တို့အား လောကခပ်သိမ်းအပေါ်ဝယ် သိက္ခာပေးခဲ့၏။ |

---

**(၃၆၇)** သူတို့ကိုးကွယ်သော ကြယ်၊ လ၊ နေ နှင့် ရုပ်ပွားများအား သဗ္ဗညုတဉာဏ်စဉ် ကိန်းဝပ်ပေးလျက် လူသားတို့အား တရားပေးသည်ဟူ၍ မရှိချေ။ ထို့ကြောင့် ထိုမအပ်မရာ ကိုးကွယ်သူများ ကိုယ်တိုင်က မည်မျှပင် ပူဇော်ပသ နေကြသော်လည်း၊ ထိုအရာများမှာ သက်မဲ့များ၊ လူသားအား ကောင်းကျိုး ဆိုးကျိုး မပေးနိုင်သော အရာများဟု မသိစိတ်မှ သိနေပြီး ဖြစ်သည်။

**(၃၆၈)** ထိုဘုရားအများ ကိုးကွယ်ဆည်းကပ်သူများနှင့် ဘုရားတစ်ဆူတည်းကိုသာ ကိုးကွယ်ဆည်းကပ်သူတို့ အနက် မည်သူသည် ပို၍ ဘေးကင်းလုံခြုံ သနည်း–ဟု ဆိုလိုခြင်း ဖြစ်သည်။

| | |
|---|---|
| ၈၇။ | وَمِنْ آبَائِهِمْ وَذُرِّيَّاتِهِمْ وَإِخْوَانِهِمْ وَاجْتَبَيْنَاهُمْ وَهَدَيْنَاهُمْ إِلَى صِرَاطٍ مُّسْتَقِيمٍ ۞<br>သူတို့၏ အဖေများ၊ သားစဉ်မြေးဆက်များ၊ ညီအစ်ကိုမောင်နှမများမှ ငါအရှင် ရွေးကောက်သူများ ရှိ၍ သူတို့အား ဖြောင့်မှန်သော လမ်းတော်သို့ လမ်းညွှန်ခဲ့၏။[၃၆၈] |
| ၈၈။<br>☆ ၂း၇၀<br>★ لَوْ<br>၂း၁၇ | ذَلِكَ هُدَى اللّهِ يَهْدِي بِهِ مَن يَشَاء مِنْ عِبَادِهِ وَلَوْ أَشْرَكُواْ لَحَبِطَ عَنْهُم مَّا كَانُواْ يَعْمَلُونَ ۞<br>ဤကား ပရမတ်ဘုရားရှင်၏ လမ်းညွှန်ပင် ဖြစ်၏၊ အရှင်သည် အမှုတော်ဆောင်များအနက် စံချိန်ပြည့်သူအား☆ လမ်းညွှန်တော်မူ၏၊ သူတို့မှ ရောပြွန်းကိုးကွယ်မှု ပြုကြသော် သူတို့၏ ကျင့်ကြံမှုများသည် အချီးနှီး ဖြစ်ကြရလတ္တံ့။ ★ |
| ၈၉။ | أُوْلَئِكَ الَّذِينَ آتَيْنَاهُمُ الْكِتَابَ وَالْحُكْمَ وَالنُّبُوَّةَ فَإِن يَكْفُرْ بِهَا هَؤُلاء فَقَدْ وَكَّلْنَا بِهَا قَوْمًا لَّيْسُواْ بِهَا بِكَافِرِينَ ۞<br>ကျမ်းတော်၊ ဓမ္မသတ်တော်နှင့် သတင်းတော်ဆောင်ဘွဲ့ ချီးမြှင့်ခံရသော ထိုသူများသည် ထိုအရာများကို ဖုံးကွယ်ခဲ့လျှင် မုချပင် ငါသည် ထိုအရာ၌ မဖုံးကွယ်သော လူမျိုးအား လွှဲပြောင်းပေးတော်မူအံ့။ |
| ၉၀။ | أُوْلَئِكَ الَّذِينَ هَدَى اللّهُ فَبِهُدَاهُمُ اقْتَدِهْ قُل لاَّ أَسْأَلُكُمْ عَلَيْهِ أَجْرًا إِنْ هُوَ إِلاَّ ذِكْرَى لِلْعَالَمِينَ ۞<br>ပရမတ်ဘုရားရှင်က လမ်းညွှန်သော ထိုသူတို့သည် ထိုလမ်းညွှန်မှု၌ ဖဝါးခြေထပ် လိုက်ကြလော့၊ "ကျွန်ုပ်သည် ထို့အတွက် အကျိုးအမြတ် မတောင်းခဲ့ချေ၊ ယင်းသည် စကြာဝဠာများအတွက် ဘာဝနာပွားစရာသာ ဖြစ်၏၊"ဟု ဟောကြားလော့။ |
| ၉၁။ | وَمَا قَدَرُواْ اللّهَ حَقَّ قَدْرِهِ إِذْ قَالُواْ مَا أَنزَلَ اللّهُ عَلَى بَشَرٍ مِّن شَيْءٍ قُلْ مَنْ أَنزَلَ الْكِتَابَ الَّذِي جَاء بِهِ مُوسَى نُورًا وَهُدًى لِّلنَّاسِ تَجْعَلُونَهُ قَرَاطِيسَ تُبْدُونَهَا وَتُخْفُونَ كَثِيرًا وَعُلِّمْتُم مَّا لَمْ تَعْلَمُواْ أَنتُمْ وَلاَ آبَاؤُكُمْ قُلِ اللّهُ ثُمَّ ذَرْهُمْ فِي خَوْضِهِمْ يَلْعَبُونَ ۞<br>ပရမတ်ဘုရားရှင်အား မှန်ကန်သော စည်းချိန်ဖြင့် တိုင်းတာတတ်သည် မဟုတ်ကြ၊ လူသားတစ်ဦးအပေါ်၌ မည်သည့်တစ်စုံတစ်ရာကိုမှ ကိန်းဝပ်ချတ်မှတ်ပေးခြင်း မရှိဟု ပြောကြသောအခါ၊ "သင်တို့သည် စာရွက် စာတမ်းများဖြင့် ပြုလုပ်ထားသော၊ များစွာကို ဖုံးဖိထားကာ ဖွင့်ပြလေ့ရှိသော၊ သင်တို့မသိရာကို အသိပေးခံရသော၊ လူသားတို့ အတွက် အလင်းတော်၊ လမ်းညွှန်တော်အဖြစ် မူဆာ ဆောင်ကြည်းလာသော ကျမ်းတော်အား မည်သူက ချမှတ်ပေးသနည်း၊ သင်တို့သည် မိရိုးဖလာဝါဒီများသာ ဖြစ်ကြ၏၊" မေးမြန်းလျှက် "ပရမတ်ဘုရားရှင်ပင် ဖြစ်၏၊"ဟု ပြောပြလော့၊ ထို့နောက် သူတို့အား အရေးမပါမှု၊ လေလွင့်မှုများ၌ စွန့်ထားလော့။ |
| ၉၂။<br><br>ကုရ်အာန် | وَهَذَا كِتَابٌ أَنزَلْنَاهُ مُبَارَكٌ مُّصَدِّقُ الَّذِي بَيْنَ يَدَيْهِ وَلِتُنذِرَ أُمَّ الْقُرَى وَمَنْ حَوْلَهَا وَالَّذِينَ يُؤْمِنُونَ بِالآخِرَةِ يُؤْمِنُونَ بِهِ وَهُمْ عَلَى صَلاَتِهِمْ يُحَافِظُونَ ۞ |

**(၃၆၈)** သုတ်တော် ၈၃မှ ၈၆ ထိတွင် ဉာဏ်စဉ်ဆောင် (၁၈) ပါး၏ အမည်များကို ဖေါ်ပြ၍၊ သုတ်တော် ၈၇ တွင် သူတို့၌ အဖေများ၊ သားစဉ်မြေးဆက်များ၊ ညီအစ်ကိုမောင်နှမများ ရှိသည်ဟု ရှင်းလင်းစွာပင် ဆိုထားသည်။ ထိုအမည်နာမဖြင့် ဖေါ်ပြသော ကိုယ်တော်များ၏ စရင်းတွင် ကိုယ်တော်ယေရှု၏ အမည်သည် သုတ်တော် (၈၅)တွင် အတိအကျ ပါနေပေသည်။ ထို့ကြောင့် ကိုယ်တော် (၁၈)ပါးလုံးကို ရည်ညွှန်းသော **သူတို့၏** အဖေများ၊ **သူတို့၏** သားစဉ်မြေးဆက်များ၊ **သူတို့၏** ညီအစ်ကိုမောင်နှမများ ဆိုသည်မှ နာမ်စား "သူတို့၏" ဆိုသည်မှာ ကိုယ်တော် ယေရှုမှ လွဲ၍ ကျန်သော ကိုယ်တော်များကိုသာ ဆိုလိုသည်ဟု ဆွဲယူခြင်းမှာ ကျမ်းတော်အား လွန်စွာ စော်ကားခြင်းသာ ဖြစ်ပေသည်။ ကျမ်းတော်သည် မေ့မှားခြင်း၊ ပြင်ဆင်ခြင်း၊ တည်းဖြတ်ခြင်း မရှိသော မူရင်းစစ် ကျမ်းတော် ဖြစ်သည်။ ထို့ကြောင့် ကျမ်းတော်က ကိုယ်တော်ယေရှု တွင် လူသားအဖေ ရှိကြောင်း သားစဉ်မြေးဆက်များ ရှိခဲ့ကြောင်း၊ ညီအစ်ကို မောင်နှမ်မများ ရှိခဲ့ကြောင်းကို ထင်ရှားစွာ ဆိုထားပေသည်။ ကိုယ်တော် မုဟမ္မဒ်မတိုင်မီ ဉာဏ်စဉ်ဆောင် အားလုံးတွင် လူပျိုကြီး ဟူ၍ မရှိဟု ၁၃း၃၈ တွင် အတိအကျ ဆိုထားသောကြောင့် ကိုယ်တော်ယေရှုအား လူပျို စင်စစ် ဖြစ်သည် ဇနီးသားသမီးမရှိခဲ့ ဟု ဆိုခြင်းမှာလည်း ကျမ်းတော်၏ အဆို အစ္စလာမ်၏ အယူအဆနှင့် လွန်စွာ ဆန့်ကျင်ပေသည်၊ (၁၃း၃၈)။

| | |
|---|---|
| ☆ ၂း၃ | **ဤ**သည် ငါ ချမှတ်ပေးသော ကျက်သရေတော်၊ ရှေး–လက်စွဲများကို ဖြောင့်မှန်စေသော မြို့ပြနှင့် ၎င်း၏ဝန်းကျင် ဒေသတို့အား သတိပေးနိူးဆော်စေဘို့ရာ ကျမ်းတော် ဖြစ်၏၊ နောင်ဘဝကို ယုံကြည်သောသူတို့သည် ၎င်းအား ယုံကြည်ကြ၏၊ သူတို့သည် စိတ်လေ့ကျင့်မှုကို ☆ စောင့်ထိန်းကြ၏။[၂၇၀] |
| ၉၃။ | **وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أَوْ قَالَ أُوْحِيَ إِلَيَّ وَلَمْ يُوحَ إِلَيْهِ شَيْءٌ وَمَن قَالَ سَأُنزِلُ مِثْلَ مَا أَنَزلَ اللّهُ وَلَوْ تَرَى إِذِ الظَّالِمُونَ فِي غَمَرَاتِ الْمَوْتِ وَالْمَلآئِكَةُ بَاسِطُواْ أَيْدِيهِمْ أَخْرِجُواْ أَنفُسَكُمُ الْيَوْمَ تُجْزَوْنَ عَذَابَ الْهُونِ بِمَا كُنتُمْ تَقُولُونَ عَلَى اللّهِ غَيْرَ الْحَقِّ وَكُنتُمْ عَنْ آيَاتِهِ تَسْتَكْبِرُونَ ۞**<br>ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လိမ်လည် မုသားပြုသူ၊ သို့မဟုတ် အာရုံစျာန် စိုးစဉ်းမျှ မရရှိဘဲ အာရုံဉာဏ်စဉ် ရသည်ဟု ပြောသူ၊ ပရမတ်ဘုရားရှင်က ချမှတ်ပေးသကဲ့သို့ ကျွန်ုပ်သည်လည်း ချမှတ်ပေးအံ့ ဟု ဆိုသူများထက် အဘယ်သူသည် အမိုက်စီးသူ ဖြစ်အံ့နည်း။ အမိုက်စီးသူများအား သေခြင်းတရား ဝေဒနာဆိုးကို ဆိုက်စေ၍ နိမိတ်ဆောင်များက လက်များဆန့်လျှက် အသင်တို့သည် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ မမှန်မကန် ပြောဆိုသောကြောင့်၊ အသင်တို့သည် သုတ်ဒေသနာများကို မထီမဲ့မြင် ပြုကြသောကြောင့် အသင်တို့၏ ဉာဉ်စရိုက်များကို ယနေ့ ထုတ်ပစ်လော့ ဆိုသည်ကို သင်တွေ့ရပါလေစ။[၂၇၁] |
| ၉၄။<br><br>လောကီ စည်းဇိမ် | **وَلَقَدْ جِئْتُمُونَا فُرَادَى كَمَا خَلَقْنَاكُمْ أَوَّلَ مَرَّةٍ وَتَرَكْتُم مَّا خَوَّلْنَاكُمْ وَرَاء ظُهُورِكُمْ وَمَا نَرَى مَعَكُمْ شُفَعَاءكُمُ الَّذِينَ زَعَمْتُمْ أَنَّهُمْ فِيكُمْ شُرَكَاء لَقَد تَّقَطَّعَ بَيْنَكُمْ وَضَلَّ عَنكُم مَّا كُنتُمْ تَزْعُمُونَ ۞**<br>အစပထမ သင်တို့ကို ဖြစ်တည်စေသည့်အတိုင်း သင်တို့သည် ငါ၏ထံသို့ သင်တို့ချည်း ရောက်လာခဲ့ပြီ။ ငါ **အပ်နှံခဲ့သည်**များကို သင်တို့သည် သင်တို့၏နောက်၌ ချန်ခဲ့ရပြီ။ သင်တို့ ရောပြွန်းကိုးကွယ်ရာဟု ယူဆခဲ့သော အမျှဝေပေးမည့် သူများကို သင်တို့နှင့် အတူ ငါ တွေ့တော် မမူချေ။ မုချပင် သင်တို့ကြား၌ ပြတ်တောက်သွားကြလေပြီ၊ သင်တို့၏ ယူဆချက်များ သင်တို့ထံမှ လွှဲဖယ်သွားကြလေပြီ။ |
| ၉၅။<br><br>အညှောင့် ထွက်စေ | **إِنَّ اللّهَ فَالِقُ الْحَبِّ وَالنَّوَى يُخْرِجُ الْحَيَّ مِنَ الْمَيِّتِ وَمُخْرِجُ الْمَيِّتِ مِنَ الْحَيِّ ذَلِكُمُ اللّهُ فَأَنَّى تُؤْفَكُونَ ۞**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မျိုးစေ့၊ သစ်စေ့များကို **အက်ကွဲစေ**တော်မူ၏၊ သက်ရှိကို သက်မဲ့မှ ထုတ်ယူတော်မူ၏၊ သက်မဲ့ကို သက်ရှိမှ ထုတ်ယူတော်မူ၏၊ ယင်းသို့ပြုစေခြင်းမှာ ပရမတ်ဘုရားရှင်ပင် ဖြစ်၏၊ သို့ဖြင့် အသင်တို့သည် မည်သို့ ပြောင်းပြန်လှည့်ကြမည်နည်း။ |
| ၉၆။ | **فَالِقُ الإِصْبَاحِ وَجَعَلَ اللَّيْلَ سَكَنًا وَالشَّمْسَ وَالْقَمَرَ حُسْبَانًا ذَلِكَ تَقْدِيرُ الْعَزِيزِ الْعَلِيمِ ۞**<br>အာရုံတက်ကို ဖြာထွက်စေ၏၊ ညကို အနားယူရန်၊ နေနှင့် လကို တွက်ချက်သတ်မှတ် ပြုလုပ်တော်မူ၏၊ ဤသည် ကြီးကျယ်သော အသိဉာဏ်ဖြင့် စည်းချိန်သတ်မှတ်မှုပင် ဖြစ်၏။ |
| ၉၇။ | **وَهُوَ الَّذِي جَعَلَ لَكُمُ النُّجُومَ لِتَهْتَدُواْ بِهَا فِي ظُلُمَاتِ الْبَرِّ وَالْبَحْرِ قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَعْلَمُونَ ۞** |

---

(၂၇၀) ဤသုတ်တော်၌ မြို့ပြဟု ဘာသာ ပြန်ဆိုသော "အွမ်မလ်ကုရာဟ်" ကို ဆရာတော်ကြီးများက မက္ကာမြို့တော်ဟု ပြန်ဆိုကြပေသည်။ အစ္စာလမ် သာသနာအား စတင် ဖြန့်ချီသည့် အချိန်တွင် မက္ကာမြို့တော်မှာ လူမျိုးစုံ ဘာသာစုံသော စံပြမြို့ပြ ယာဉ်ကျေးမှုကို ထူထောင်သော မြို့ ဖြစ်၍ မမှားယွင်းပေ။ သို့သော် ထိုစကားလုံး "အွမ်မလ်ကုရာဟ်" ၏ အဓိပ္ပါယ်မှာ မြို့ပြ (မြို့များ၏ မိခင်) ဟု ဖြစ်၍၊ ဤဘာသာပြန်၌ ထိုစကားလုံး အတိုင်းပင် ဘာသာပြန်ခြင်း ဖြစ်ပေသည်။ ယခုခေတ်တွင် ကမ္ဘာ၏ မြို့တိုင်းနယ်တိုင်းသည် မြို့ပြများ ဖြစ်နေပြီ ဖြစ်၍ ထိုမြို့ပြများမှ တဆင့် ကျေးလက် ဒေသများသို့ ဤကျမ်းတော်အား ဖြန့်ချီလေ့လာစေရန်မှာ သာသနာ၌ မွေ့လျော်သူများ၏ ဝန်တာပင် ဖြစ်ပေသည်။

(၂၇၁) နိမိတ်ဆောင်များ ဆိုသည်မှာ ပကတိရိုးသားဖြူစင်သော ပညာရှင်များကို ခေါ်ပေသည် (၂း၃၀)။ သူတို့သည် စာတစ်စောင်၊ ပေတစ်ရွက်ကို ဖတ်လိုက်သည်နှင့် ဤစာသည် မှုရင်းဖြစ်သည် မဖြစ်သည်ကိုလည်းကောင်း၊ စကားတစ်ခွန်းကို နားထောင်လိုက်သည်နှင့် ဤစကားသည် ဖြောင့်မတ်သည် ကောက်ကျစ်သည်ကို လည်းကောင်း သိကြပေသည်။ ထိုပုဂ္ဂိုလ်များ၏ ရှေ့တွင် အရည်အသွေး မပြည့်မှီဘဲ မိမိကိုယ်မိမိ လိမ်ညာလည့်စားနေသူများသည် အရှက်ကွဲရမည်ပင်၊ ဂုဏ်သိက္ခာများ သေဆုံးရမည်ပင် ဖြစ်သည်။ ဤသုတ်တော်မှ "လက်များကို ဆန့်လျှက်" ဆိုသည်မှာ လက်ရုံးရည် သို့မဟုတ် လုပ်ပိုင်ခွင့်အလျှောက်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | အရှင်သည် ရေမြေ အမှောင်ထုအတွင်း လမ်းညွှန်ဖြစ်အံ့ငှာ ကြယ်များကို ပြုလုပ်တော်မူသော အရှင်ဖြစ်၏။ အသိရှိသော လူမျိုးတို့အတွက် ငါ၏ သုတ်ဒေသနာတော်များကို မုချ အဖြေမှန်ဖြစ်စေ၏။ |
| ၉၈။<br>☆၄း၁ | وَهُوَ الَّذِيَ أَنشَأَكُم مِّن نَّفْسٍ وَاحِدَةٍ فَمُسْتَقَرٌّ وَمُسْتَوْدَعٌ قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَفْقَهُونَ ۝<br>အရှင်သည် သင်တို့အား ဉာဉ်စရိုက် တစ်မျိုးတည်းမှ☆ ပွံ့ပွားစေသော အရှင် ဖြစ်၏။ နေထိုင်ရန်နှင့် တည်းခိုရန်တို့ ရှိနေစေ၏။ နားလည်မှုရှိသော လူမျိုးတို့အတွက် ငါ၏ သုတ်ဒေသနာများကို မုချ အဖြေမှန်ဖြစ်စေ၏။ |
| ၉၉။<br>☆၂း၂၂ | وَهُوَ الَّذِيَ أَنزَلَ مِنَ السَّمَاء مَاء فَأَخْرَجْنَا بِهِ نَبَاتَ كُلِّ شَيْءٍ فَأَخْرَجْنَا مِنْهُ خَضِرًا نُّخْرِجُ مِنْهُ حَبًّا مُّتَرَاكِبًا وَمِنَ النَّخْلِ مِن طَلْعِهَا قِنْوَانٌ دَانِيَةٌ وَجَنَّاتٍ مِّنْ أَعْنَابٍ وَالزَّيْتُونَ وَالرُّمَّانَ مُشْتَبِهًا وَغَيْرَ مُتَشَابِهٍ انظُرُواْ إِلِى ثَمَرِهِ إِذَا أَثْمَرَ وَيَنْعِهِ إِنَّ فِي ذَلِكُمْ لآيَاتٍ لِّقَوْمٍ يُؤْمِنُونَ ۝<br>အရှင်သည် ကောင်းကင်မှ☆ မိုးရေကို သွန်းချစေသော အရှင် ဖြစ်၏၊ ထိုရေဖြင့် ခပ်သိမ်းကုန်သော ပျိုးပင်များကို ထွက်စေ၏၊ ထိုမှ စိမ်းလန်းမှုကို ထွက်ပေါ်စေ၏၊ ထိုမှ အပြွတ်ပြွတ်သော အသီးအနှံကို ထွက်စေ၏၊ စွံပလွံပင်၏ ဝတ်ဆံမှ အသီးအခိုင်များ တွဲလဲကျစေ၏၊ စပျစ်ခြံများ၊ သံလွင်ပင်များ၊ သလဲသီးများကို သဏ္ဍာန်တူ သဏ္ဍာန်ကွဲ ဖြစ်စေ၏၊ သစ်သီးများ သစ်သီးမှည့်များကို ကြည့်ကြလော့၊ ထို၌ မျက်တွေ့ယုံသော လူမျိုးများအတွက် နိမိတ်လက္ခဏာများ ရှိနေ၏။ |
| ၁၀၀။<br>☆၂း၂၁<br>★၂း၁၁၆ | وَجَعَلُواْ لِلّهِ شُرَكَاء الْجِنَّ وَخَلَقَهُمْ وَخَرَقُواْ لَهُ بَنِينَ وَبَنَاتٍ بِغَيْرِ عِلْمٍ سُبْحَانَهُ وَتَعَالَى عَمَّا يَصِفُونَ ۝<br>သူတို့သည် ဖြစ်တည်ခံ☆ ပုတုဇဉ်များကို[၃၇၂] ပရမတ်ဘုရားနှင့် ရောပြွန်းကိုးကွယ်ရာအဖြစ် ပြုလုပ်ကြ၏။ အသိတရားမရှိဘဲလျက် အရှင့်၌ ကိုယ်ပွား သားသမီးများ ရှိသည်ဟု ပြစ်မှားကြ၏။★ အရှင်သည် အတုမဲ့ ဖြစ်၏၊ အရှင်သည် သူတို့ ပုံဆောင်သည်ထက် အတိုင်းမရှိ မြင့်မြတ်၏။ |
| ၁၀၀။ | بَدِيعُ السَّمَاوَاتِ وَالأَرْضِ أَنَّى يَكُونُ لَهُ وَلَدٌ وَلَمْ تَكُن لَّهُ صَاحِبَةٌ وَخَلَقَ كُلَّ شَيْءٍ وهُوَ بِكُلِّ شَيْءٍ عَلِيمٌ ۝<br>အရှင်သည် မိုးများနှင့် မြေ၏ ဇစ်မြစ်တော် ဖြစ်၏၊ ငါသည် ကြင်ယာကြင်ဘက် မရှိချေ၊ ငါ့၌ မည်သို့ သားသမီး ရှိပေအံ့နည်း။[၃၇၃] အရှင်သည် ခပ်သိမ်းကုန်ကို ဖြစ်တည်စေ၏၊ ထိုအရှင်သည် သဗ္ဗလုံးစုံအား သိနေတော်မူ၏။ |

---

(၃၇၂) **الْجِنَّ** ဂျင်များကို ရှေးဒဏ္ဍာရီ ယုံကြည်မှုများအရ တစ္ဆေ၊ သရဲ၊ နာနာဘာဝ စာရင်းဝင်၊ လူသားတို့က မမြင်နိုင်ဘဲ လူသားများအား ပြုစားနိုင်သော သတ္တဝါတစ်မျိုး ဖြစ်သည်ဟု ယူဆကြပေသည်။ နောက်ပိုင်းတွင် ၎င်းတို့သည် ဂျူးလူမျိုးများမှ လူမျိုးစုတစ်စု ဖြစ်သည်ဟု ဖွင့်ဆိုချက်များလည်း များစွာ ပေါ်ထွက်လာပေသည်။ ကျမ်းတော်တွင် ၎င်းတို့အား မီးဖြင့် ဖြစ်တည်စေသည်ဟု ဆိုခြင်းကြောင့် စစ်သွေးကြွများဟု အချို့က ဖွင့်ဆိုကြပေသည်။ ကျမ်းတော်ကို သေချာတိကျစွာ လေ့လာသောအခါ သူတို့သည် လူသားစင်စစ်များသာ ဖြစ်ကြောင်းတွေ့ရသည်။ ပိဋကတ်တော်တွင် လူသားများကို အမျိုးလေးပါး သတ္တဝါများဟု ခွဲခြားသတ်မှတ် သကဲ့သို့ ကုရ်အာန်တွင်လည်း လူသားများကို (၁)အာဒံမျိုးနွယ် ၂း၃၁။ (၂) မလာအိကဟ်မျိုးနွယ် ၂း၃၀။ (၃)အိဗလီဆ် မျိုးနွယ် ၂း၃၄ နှင့် (၄) ဂျင်မျိုးနွယ်ဟူ၍ တွေ့ရပေသည်။ ဂျင်သည် နာနာဘာဝ မဟုတ်ချေ၊ မီးဖြင့် ဖြစ်တည်စေသည် ဆိုခြင်းကို ပိဋကတ်တော် စကားအရ မီးဖြင့် ချက်ပြုတ်စားသောက်သော လူမျိုး ဟု နားလည်နိုင်ပေသည်၊ (ပါထိကဝတ် ပါဠိတော် အဂ္ဂညသုတ်)။ ဂျင်များသည် လူသားစင်စစ် ဖြစ်သည် ဆိုခြင်းကို ကျမ်းတော်အရ ထင်ရှားသော သက်သေများမှာ (၁) ဂျင်တို့မှ ဉာဏ်စဉ်တော်ဆောင် (ရစူလ်)များ ပွင့်ပေါ်ခြင်း (၆း၁၃၁)။ ဂျင်မျိုးနွယ်ဖြစ်သော အိဗလီဆ်သည် အိမ်ထောင်ယူ သားမွေးမှုပြုခြင်း (၁၈း၅၀)။ ကိုယ်တော် မုဟမ္မဒ်ထံ၌ သစ္စာခံ ယုံကြည်သက်ဝင်ကြခြင်း (၄၆း၂၉–၃၁)တို့ ဖြစ်ပေသည်။ (၂း၃၀၊ ၃၁၊ ၃၄ ၏ အောက်ခြေများတွင် အာဒံ၊ မလာအိကာဟ်၊ အိဗလီဆ်များ အကြောင်းကို ပြန်လည် လေ့လာစေလိုပါသည်။

(၃၇၃) ကြင်ယာကြင်ဘက်မရှိဘဲ သားသမီး မရနိုင်ဟူသည့် ထင်ရှားသော ဤဥပဒေကို ရွတ်ဖတ်နေကြသော မွတ်ဆလင် အများစုသည်ပင် ယေရှုခရစ်နှင့် ပတ်သက်လျှင် ရောမဒဏ္ဍာရီ လွှမ်းမိုးသော ခရစ်ယာန်တို့၏ အယူအဆနောက်သို့ လိုက်နေကြသည်မှာ လွန်စွာပင် အံ့သြစရာ ကောင်းလှပေသည်။ (သီရိပျံချီ ဦးဘသောင်း၊ မောင်လာနာ မဟ်မူးဒ် ဒါဝူး ဟာရှင်မ် ယူစွဖ်၊ မောင်လာနာ အီဗရာဟီမ် အဟ်မဒ် မဇ္ဇာဟေရီ၊ ဟာဂျီမိရ်စူလိုင်မာန်၊ မောင်လာနာ ဇရီရုလ္လာဟ်၊ ဦးဖေစိန် (ကယားပြည်နယ် အတွင်းဝန်ဟောင်း) သီရိပျံချီ အဟ်ဟဂ်ျ မောင်လာနာ ဃာဇီ မိုဟမ္မဒ်ဟာရှင်မ်၊ မောင်လာနာ မက္ကဆူဒ် အာမက်ခန်းတို့ ဦးစီး ပြန်ဆို တည်းဖြတ် ထုတ်ဝေသော ကုရ်အာန်ကျမ်းမြတ်၏ အလင်းပြကျမ်း အစောင် (၇) ၁၉၆၉ ခုအောက်တိုဘာလထုတ် စာမျက်နှာ ၄၃၉ အောက်ခြေ ရှင်းချက် ၁၀၅၄ တွင်လည်း ကြင်ယာကြင်ဘက်မရှိဘဲ ကလေး မမွေးနိုင်ကြောင်းကို ဖော်ပြ

| | |
|---|---|
| ၁၀၂။ | **ذَلِكُمُ اللّهُ رَبُّكُمْ لا إِلَـهَ إِلاَّ هُوَ خَالِقُ كُلِّ شَيْءٍ فَاعْبُدُوهُ وَهُوَ عَلَى كُلِّ شَيْءٍ وَكِيلٌ** ۞<br>အရှင်သည် သင်တို့၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင် ဖြစ်၏။ ခပ်သိမ်းကုန်အား ဖြစ်တည်စေသော ထိုအရှင် မှအပ အခြား ဘုရားရှင်ဟူ၍ မရှိ၊ သို့ဖြစ်၍ အရှင့်အား ကိုးကွယ်ကြလော့၊ အရှင်သည် သဗ္ဗလုံးစုံအား အုပ်ထိန်းသူ ဖြစ်၏။ |
| ၁၀၃။ | **لاَّ تُدْرِكُهُ الأَبْصَارُ وَهُوَ يُدْرِكُ الأَبْصَارَ وَهُوَ اللَّطِيفُ الْخَبِيرُ** ۞<br>မံသစက္ခုများဖြင့် အရှင့်အား ငုံမိနိုင်သည် မဟုတ်ချေ၊ အရှင်သည်သာ မံသစက္ခုများကို ခြုံငုံထား၏၊ အရှင်သည် နက်နဲစွာ ထိုးထွင်းသိနေတော်မူ၏။[၃၇၄] |
| ၁၀၄။ | **قَدْ جَاءكُم بَصَآئِرُ مِن رَّبِّكُمْ فَمَنْ أَبْصَرَ فَلِنَفْسِهِ وَمَنْ عَمِيَ فَعَلَيْهَا وَمَا أَنَاْ عَلَيْكُم بِحَفِيظٍ** ۞<br>ကံကြမ္မာရှင်၏ထံမှ သင်တို့ထံသို့ မျက်မြင်သက်သေများ ရောက်ရှိစေပြီ၊ မြင်တတ်သော သူသည် သူ့၏ စရိုက် အတွက် ဖြစ်၍၊ မမြင်တတ်သော သူသည် သူ့အပေါ်၌သာ သင့်စေ၏။ ကျွန်ုပ်သည်ကား သင်တို့အား စောင့်ရှောက်ရသူ မဟုတ်ချေ။ |
| ၁၀၅။<br><br>၇း၁၅၇ | **وَكَذَلِكَ نُصَرِّفُ الآيَاتِ وَلِيَقُولُواْ دَرَسْتَ وَلِنُبَيِّنَهُ لِقَوْمٍ يَعْلَمُونَ** ۞<br>ငါသည် သုတ်ဒေသနာများကို ဤသို့ ထပ်ပြန်တလဲလဲရှင်းပြ၍၊ သူတို့က "သင်သည် ဖတ်ရှုလေ့လာထားပြီ၊"ဟု ဆိုကြ၏၊ အသိရှိသော လူမျိုးတို့အတွက် ငါသည် ဤသို့ ရှင်းလင်းပြသတော်မူ၏။[၃၇၅] |
| ၁၀၆။ | **اتَّبِعْ مَا أُوحِيَ إِلَيْكَ مِن رَّبِّكَ لا إِلَـهَ إِلاَّ هُوَ وَأَعْرِضْ عَنِ الْمُشْرِكِينَ** ۞<br>ကံကြမ္မာရှင်ထံတော်မှ သင့်အား အာရုံစျာန် ကိန်းသက်ပေးသည်ကိုသာ လိုက်နာလော့၊ အရှင်မှအပ အခြား ဘုရားဟူ၍ မရှိ၊ ရောပြွန်းကိုးကွယ်သူများမှ ဖယ်ခွာလော့။ |
| ၁၀၇။<br><br>☆၂း၇၀ | **وَلَوْ شَاء اللّهُ مَا أَشْرَكُواْ وَمَا جَعَلْنَاكَ عَلَيْهِمْ حَفِيظًا وَمَا أَنتَ عَلَيْهِم بِوَكِيلٍ** ۞<br>ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင်☆ သူတို့သည် ရောပြွန်းကိုးကွယ်သူများ ဖြစ်ကြမည် မဟုတ်ချေ။ ငါသည် သင့်အား သူတို့အပေါ် စောင့်ထိန်းသူအဖြစ် ခန့်အပ်သည် မဟုတ်ချေ၊ သင်သည် သူတို့အတွက် အုပ်ထိန်းသူလည်း မဟုတ်ချေ။ |
| ၁၀၈။<br><br>မဆဲဆို လင့် | **وَلاَ تَسُبُّواْ الَّذِينَ يَدْعُونَ مِن دُونِ اللّهِ فَيَسُبُّواْ اللّهَ عَدْوًا بِغَيْرِ عِلْمٍ كَذَلِكَ زَيَّنَّا لِكُلِّ أُمَّةٍ عَمَلَهُمْ ثُمَّ إِلَى رَبِّهِم مَّرْجِعُهُمْ فَيُنَبِّئُهُم بِمَا كَانُواْ يَعْمَلُونَ** ۞<br>ပရမတ်ဘုရားရှင်အား တုပြိုင်လျက် ဝတ်ပြုဆုတောင်းရာများကို **မပတ်သက်နှင့်**၊ သို့ဖြစ်လျှင် အသိမရှိ စည်းဖေါက်လျက် ပရမတ်ဘုရားရှင်အား ပြန်ဆဲကြလိမ့်မည်။ အသိုင်းအဝိုင်း ကိုယ်စီ၏ ကျင့်ကြံသည်များကို ဤသို့ တင့်တယ် |

ထားပေသည်)။ အထက်ဖေါ်ပြပါ ဆရာတော်ကြီးများသည် မြန်မာနိုင်ငံ၏ အဓိက အစ္စလာ့မ် အသင်းအဖွဲ့ကြီးများ၏ ဦးစီးခေါင်းဆောင်များ ဖြစ်၍ မြန်မာမွတ်ဆလင် တစ်ဦးအနေဖြင့် အယူအဆအရ ထိုဆရာတော်ကြီးများအနက် အနည်းဆုံး တစ်ဦး သို့မဟုတ် တစ်ဦးနှင့် ဆက်စပ် ပတ်သက်နေသည်မှာ သေချာပေသည်။ ထို့ကြောင့် မိမိတို့၏ ဆရာတော်ကြီး ကိုယ်တိုင်က ရှင်းလင်း မိန့်ဆိုထားသည်ကို စာဒက မတက်သင့်ပေ။

(၃၇၄) ဘုရားရှင်ဆိုသည်မှာ သဗ္ဗညု ဖြစ်၍ မံသမျက်စိဖြင့် မမြင်စွမ်းနိုင် ဟု မနိမ္မညူကျမ်းနှင့် မြောက်များစွာသော ပိဋကတ်တော်၏ အဖွင့်ကျမ်းများတွင် တွေ့ရပေသည်။ (၁း၁ ၏အောက်ခြေတွင် အကျယ်ကို ကြည့်ပါ)။

(၃၇၅) "သင်သည် ဖတ်ရှုလေ့လာထားပြီ" ဆိုသည်မှာ ကိုယ်တော်မုဟမ္မဒ်သည် "စာပေသဘောတရားဖြင့် သုံးသပ်ခြင်ဆင် စီစစ်၍ ကုရ်အာန်ကျမ်းတော်ပါ သုတ်ဒေသနာများကို ပြုစုသူ" ဟူသည့် စွပ်စွဲချက်ဖြစ်သည်။ ထိုအချက်ကို ဆက်လက်ဖေါ်ပြပါ သုတ်တော် (၁၀၆) မှ "သင့်အား အာရုံစျာန် ကိန်းသက်ပေးသည်ကိုသာ လိုက်နာလော့" ဟူသည် လုံးဝပယ်ဖျက်လိုက်သည်။ နက်နဲသော ဝိပဿနာအား ထိုးဖေါက်ဆိုက်မြိုက်နိုင်ရန်မှာ ပညာသိသည် ခရီးဆုံးထိ မရောက်နိုင်ပေ။ ဘာဝနာသိ သည်သာ အခရာဖြစ်ကြောင်း မြန်မာ ဘာသာရေးသမားတိုင်း သိကြပေသည်။ ကိုယ်တော်သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သစ္စာဓမ္မကို သိကြောင်း အောက်ဖေါ်ပြပါ သုတ်တော် ၁၀၆ က တိကျစွာ ဆိုထားသည်။

| | |
|---|---|
| | သယောင် ပြုထား၏။ ထို့နောက် သူတို့အားလုံး ကံကြမ္မာရှင်ထံသို့ စုပေါင်းရမည်တည်း၊ ကျင့်ကြံလေသမျှအား ထုတ်ဖေါ်ပြသတော် မူလတ္တံ့။[၃၇၆] |
| ၁၀၉။ | وَأَقْسَمُواْ بِاللّهِ جَهْدَ أَيْمَانِهِمْ لَئِن جَاءتْهُمْ آيَةٌ لَّيُؤْمِنُنَّ بِهَا قُلْ إِنَّمَا الآيَاتُ عِندَ اللّهِ وَمَا يُشْعِرُكُمْ أَنَّهَا إِذَا جَاءتْ لاَ يُؤْمِنُونَ ۞<br>သူတို့ထံသို့ သုတ်ဒေသနာတစ်ပါး ရောက်လာသော် "၎င်းကို ယုံကြည်ပါ၏၊"ဟု ပရမတ်ဘုရားရှင်အား တိုင်တည်လျက် အစွမ်းကုန် ကျိန်ဆိုကြ၏။ ဟောပြောလော့ "သုတ်ဒေသနာများသည် ပရမတ်ဘုရားရှင်၏ ထံ၌သာရှိ၏၊" ထိုသို့ ရောက်ရှိလာသည့်တိုင် သူတို့ ယုံကြည်မည် မဟုတ်သည်ကို သင်တို့အား မည်သည်က အမှတ်ရစေမည်နည်း။ |
| ၁၁၀။ | وَنُقَلِّبُ أَفْئِدَتَهُمْ وَأَبْصَارَهُمْ كَمَا لَمْ يُؤْمِنُواْ بِهِ أَوَّلَ مَرَّةٍ وَنَذَرُهُمْ فِي طُغْيَانِهِمْ يَعْمَهُونَ ۞<br>ပထမ အကြိမ်က မယုံကြည်ခဲ့ကြ သကဲ့သို့ သူတို့၏ စိတ်နှလုံးများ အမြင်များကို လှည့်ထားလေပြီ၊ သူတို့၏ ခေါင်းမာမှုထဲ၌ သူတို့အား အကန်းလမ်းပျောက် စွန့်ထားတော်မူ၏။ |
| ၁၁၁။ | وَلَوْ أَنَّنَا نَزَّلْنَا إِلَيْهِمُ الْمَلآئِكَةَ وَكَلَّمَهُمُ الْمَوْتَى وَحَشَرْنَا عَلَيْهِمْ كُلَّ شَيْءٍ قُبُلاً مَّا كَانُواْ لِيُؤْمِنُواْ إِلاَّ أَن يَشَاء اللّهُ وَلَكِنَّ أَكْثَرَهُمْ يَجْهَلُونَ ۞<br>ငါသည် သူတို့အပေါ်သို့ နိမိတ်ဆောင်များကို စေပို့သည် ဖြစ်စေ၊ သူသေများကို စကားပြောစေသည် ဖြစ်စေ၊ ခပ်သိမ်းသော အရာများကို မျက်နှာချင်းဆိုင် စုဆောင်းပေးသည် ဖြစ်စေ၊ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်သူမှ အပ ယုံကြည်လာကြမည် မဟုတ်ချေ။ သို့ရာတွင် များစွာတို့သည် ပညာမဲ့များ ဖြစ်ကြ၏။ |
| ၁၁၂။<br><br>★ဖ်း၁၀၀<br>☆၂း၇၀ | وَكَذَلِكَ جَعَلْنَا لِكُلِّ نِبِيٍّ عَدُوًّا شَيَاطِينَ الإِنسِ وَالْجِنِّ يُوحِي بَعْضُهُمْ إِلَى بَعْضٍ زُخْرُفَ الْقَوْلِ غُرُورًا وَلَوْ شَاء رَبُّكَ مَا فَعَلُوهُ فَذَرْهُمْ وَمَا يَفْتَرُونَ ۞<br>ဤသို့ပင် ငါသည် သတင်းတော်ဆောင် ကိုယ်စီ အတွက် ရန်သူ အဖြစ် လူသားနှင့် ပုတုဇဉ်မှ★ မကောင်းဆိုးဝါးများကို ပြုလုပ်ထားတော်မူ၏၊ ၎င်းတို့မှ အချို့သည် အချို့အား လှည့်စားရန် နားဝင်ချိုစေသော စကားဖြင့် နှိုးဆွ၏။ သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်မှု မရှိခဲ့လျှင်☆ ပြုလုပ်နိုင်မည် မဟုတ်ချေ။ သူတို့အား လိမ်ညာမှု၌ စွန့်ထားလော့။[၃၇၇] |
| ၁၁၃။<br><br>လိမ်ညာမှု၌ | وَلِتَصْغَى إِلَيْهِ أَفْئِدَةُ الَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ وَلِيَرْضَوْهُ وَلِيَقْتَرِفُواْ مَا هُم مُّقْتَرِفُونَ ۞<br>နောင်ဘဝအား မယုံကြည်သူများ၏ စိတ်နှလုံးတို့သည် **ထို၌** တိမ်းညွတ် ကြည်နူးကြလျက် ဆက်လုပ်မြဲ ဆက်လုပ် |

---

**(၃၇၆)** ရုပ်ပွားဆင်းတု မကိုးကွယ်သောကြောင့် အစ္စလာမ်သာသနာဝင်တို့အား အခြားသူတို့ ကိုးကွယ်နေကြသော ရုပ်ပွားဆင်းတုများကို စော်ကား မော်ကား ပြုသူများဟု မြင်နေခြင်းမှာ လွန်စွာ မှားယွင်းပေသည်။ အစ္စလာမ်တွင် အဘယ်ကြောင့် မကိုးကွယ် မဆည်းကပ်ကြောင်းကို ရှင်းပြရန် အခွင့်အရေးသာ ရှိ၍ သူတစ်ပါးကိုးကွယ်သော အရာများကို ပုတ်ခတ်စော်ကားရန် အခွင့်အရေး မရှိကြောင်းကို ဤသုတ်တော်က ရှင်းလင်းစွာ ဆိုထားပေသည်။ မက္ကာမြို့ရှိ ကအ်ဘာဝတ်ကျောင်းတော်သည် ကိုယ်တော်မုဟမ္မဒ်၏ လက်ထဲသို့ကျရောက် သောအခါ ဝတ်ကျောင်းတော်တွင်းရှိ ဆင်းတုရုပ်ပွားများကို ဖျက်သိမ်းလိုက်ခြင်းသည် ဤသုတ်တော်နှင့် ဆန့်ကျင်သည်ဟု အစ္စလာမ် မဟုတ်သည့် သာသနာပြုများက စွပ်စွဲခြင်းမှာ ဥပဒေများကို သေချာစွာ နားမလည်သောကြောင့် ဖြစ်ပေသည်။ ဖျက်သိမ်းခြင်းနှင့် ဆဲရေးတိုင်းထွာ စော်ကားခြင်းမှာ မတူညီချေ။ မက္ကာမြို့သားများ ကိုယ်တိုင်က အစ္စလာမ်သသနာအား လက်ခံယုံကြည်လာခြင်းကြောင့် သူတို့သည် ပရမတ်ဘုရားရှင်မှ အပ အခြားသော ကိုးကွယ်ရာများကို မလိုအပ်သောကြောင့် ဖျက်သိမ်းလိုက်ခြင်းသာ ဖြစ်ပေသည်။ မလိုအပ်တော့သော အရာအား ဖျက်သိမ်းခြင်းသည် စော်ကားခြင်း မဟုတ်ပေ။
ဤသုတ်တော်တွင် ဖေါ်ပြသော ကိုးကွယ်ရာများကို တင့်တယ်သယောင်ပြုထားသည် ဆိုခြင်းကို ဖ်း၄၃ နှင့် ဖ်း ၁၃၇ တွင်လည်း တွေ့နိုင်ပေသည်။
**(၃၇၇)** ဤသုတ်တော်တွင် လူသား နှင့် ဂျင် ကို ခွဲခြား ပြောသောကြောင့် ဂျင်ကို လူသား မဟုတ်ဟု မှတ်ယူသူများ ရှိပေသည်။ ကျမ်းတော်တွင် လူသားများကို လေးမျိုးခွဲ ထားကြောင်း ဖ်း၁၀၀ တွင် ရှင်းခဲ့ပြီး ဖြစ်ပေသည်။ ထိုလေးမျိုးအနက်မှ အာဒံမျိုးနွယ် "လူသား" (ရုပ်နာမ် စံချိန်မီသော လူ) နှင့် ဂျင် (ရုပ်ဖွံ့ဖြိုးသော်လည်း နာမ်ပိုင်းဆိုင်ရာ အားနည်းချက် ရှိနေသေးသော လူ ဖ်း၁၂၈) နှစ်မျိုးလုံးမှ ခေါင်းဆောင်တိုင်းအတွက် အဖျက်သမားများ ရှိနေလေ့ရှိသည့် လောကဓမ္မကို ဖေါ်ပြခြင်း ဖြစ်ပေသည်။ ဤသုတ်တော်တွင်ပင် ထိုနှစ်မျိုးလုံးအား လူသား အဖြစ် တိကျစွာ ဖေါ်ပြထားသည်မှာ "သူတို့အား လိမ်ညာမှု၌သာ စွန့်ထားလော့" ဟူသော စကားပင်တည်း။

| | |
|---|---|
| | နေကြကုန်၏။[၃၇၈] |
| ၁၁၄။<br>ကျမ်းတော် | أَفَغَيْرَ اللّهِ أَبْتَغِي حَكَمًا وَهُوَ الَّذِي أَنَزَلَ إِلَيْكُمُ الْكِتَابَ مُفَصَّلاً وَالَّذِينَ آتَيْنَاهُمُ الْكِتَابَ يَعْلَمُونَ أَنَّهُ مُنَزَّلٌ مِّن رَّبِّكَ بِالْحَقِّ فَلاَ تَكُونَنَّ مِنَ الْمُمْتَرِينَ۞<br>ပရမတ်ဘုရားရှင်မှအပ ဓမ္မသတ်ရှင် ရှာဖွေဦးမည်လော၊ အရှင်သည် အသင်တို့အား ကျမ်းတော်ကို အဖြေမှန်အဖြစ် ချမှတ်ပေးတော်မူ၏၊ ကျမ်းပေးခံရသောသူများက **၎င်း**အား သင့်ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားဖြင့် ချမှတ်ပေး ကြောင်း သိကြကုန်၏။ သို့ဖြစ်၍ အသင်သည် အငြင်းသန်သူများမှ မဖြစ်စေလင့်။ |
| ၁၁၅။<br>စကား | وَتَمَّتْ كَلِمَتُ رَبِّكَ صِدْقًا وَعَدْلاً لاَّ مُبَدِّلِ لِكَلِمَاتِهِ وَهُوَ السَّمِيعُ الْعَلِيمُ۞<br>သင့်ကံကြမ္မာရှင်၏ **ဓမ္မ**တော်သည် ဖြောင့်မှန်မှု၊ တရားမျှမှု၌ ပြီးပြည့်စုံ၏၊ အရှင်၏ **ဓမ္မတော်**အား ပြောင်းလဲနိုင်သူဟူ၍ မရှိချေ၊ အရှင်သည် ကြားနေသောအရှင် သိနေသောအရှင် ဖြစ်၏။ |
| ၁၁၆။ | وَإِن تُطِعْ أَكْثَرَ مَن فِي الأَرْضِ يُضِلُّوكَ عَن سَبِيلِ اللّهِ إِن يَتَّبِعُونَ إِلاَّ الظَّنَّ وَإِنْ هُمْ إِلاَّ يَخْرُصُونَ۞<br>မြေကမ္ဘာမှ များစွာသော သူတို့အား နာခံခဲ့သော် အသင့်အား ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်စေအံ့၊ သူတို့သည် ထင်မြင်ချက်ကိုသာ လိုက်နာနေကြ၏၊ သူတို့သည်ကား ရမ်းဆသူများသာ ဖြစ်ကုန်၏။ |
| ၁၁၇။ | إِنَّ رَبَّكَ هُوَ أَعْلَمُ مَن يَضِلُّ عَن سَبِيلِهِ وَهُوَ أَعْلَمُ بِالْمُهْتَدِينَ۞<br>ကေန်ပင် သင့်ကံကြမ္မာရှင်သည် မည်သူက အရှင်၏ လမ်းစဉ်တော်မှ လွဲဖယ်သွားသည်ကို ကုန်စင်သိနေ၏၊ အရှင် သည် လမ်းညွှန်၌ ရှိသူများကိုလည်း ကုန်စင်သိနေ၏။ |
| ၁၁၈။<br>ဂုဏ်တော်၌ | فَكُلُواْ مِمَّا ذُكِرَ اسْمُ اللّهِ عَلَيْهِ إِن كُنتُمْ بِآيَاتِهِ مُؤْمِنِينَ۞<br>အသင်တို့သည် အရှင်၏ သုတ္တန်များကို ယုံကြည်သူများ ဖြစ်လျှင် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်၊ **ထို၌** သတိရ ရည်စူးသည့် အရာများကို စားသုံးကြလော့။ |
| ၁၁၉။<br>☆၅း၃၊ ၂း၁၇၃ | وَمَا لَكُمْ أَلاَّ تَأْكُلُواْ مِمَّا ذُكِرَ اسْمُ اللّهِ عَلَيْهِ وَقَدْ فَصَّلَ لَكُم مَّا حَرَّمَ عَلَيْكُمْ إِلاَّ مَا اضْطُرِرْتُمْ إِلَيْهِ وَإِنَّ كَثِيرًا لَّيُضِلُّونَ بِأَهْوَائِهِم بِغَيْرِ عِلْمٍ إِنَّ رَبَّكَ هُوَ أَعْلَمُ بِالْمُعْتَدِينَ۞<br>ပရမတ်ဘုရားရှင်၏ ဂုဏ်တော်၊ ထို၌ သတိရရည်စူးသည့် အရာအား မစားသုံးရန် အဘယ်အကြောင်းရှိသနည်း၊ ထို၌ မလွှဲရှောင်သာ သည်မှအပ သင်တို့အတွက် တရားမဝင်သည်များကို မုချကေန် အဖြေမှန်ပေးပြီး ဖြစ်၏။☆ များစွာ တို့သည် အလိုရမက်များကြောင့် အသိမရှိဘဲ လွဲချော်ကြကုန်၏။ ကေန်ပင် သင့်ကံကြမ္မာရှင်သည် စည်းဖေါက်သူများ အား ကုန်စင်သိနေတော်မူ၏။ |
| ၁၂၀။<br>အပြင် အတွင်း | وَذَرُواْ ظَاهِرَ الإِثْمِ وَبَاطِنَهُ إِنَّ الَّذِينَ يَكْسِبُونَ الإِثْمَ سَيُجْزَوْنَ بِمَا كَانُواْ يَقْتَرِفُونَ۞<br>**ဗဟိဒ္ဓ၊ အဇ္ဈတ္တ** မကောင်းမှုကို စွန့်ကြကုန်လော့၊ ကေန်ပင် မကောင်းမှုအား ကျင့်ကြံသူများသည် သူတို့၏ အကျိုး ဆက်များကို အစားပေးခြင်း ခံရလတ္တံ့။ |
| ၁၂၁။ | وَلاَ تَأْكُلُواْ مِمَّا لَمْ يُذْكَرِ اسْمُ اللّهِ عَلَيْهِ وَإِنَّهُ لَفِسْقٌ وَإِنَّ الشَّيَاطِينَ لَيُوحُونَ إِلَى أَوْلِيَآئِهِمْ لِيُجَادِلُوكُمْ وَإِنْ أَطَعْتُمُوهُمْ إِنَّكُمْ لَمُشْرِكُونَ۞<br>ပရမတ်ဘုရားရှင်၏ ဂုဏ်တော်၊ ထို၌ သတိရခြင်း မရှိသော အရာအား မစားသုံးကြလင့်၊ ၎င်းတွင် ယုတ်မာမှုကြီး ရှိနေ |

(၃၇၈) "ထို၌ တိမ်းညွတ် ကြည်နူးကြလျှက် ဆက်လုပ်မြဲ ဆက်လုပ် နေကြကုန်၏" ဆိုသည်မှာ သုတ်တော် ၁၁၂ ၌ ဆိုသော ပျားရည်ဆမ်း စကားများကို ပြောလျှက် လိမ်ညာလှည့် စားနေမှုအား ဆက်လက် လုပ်ဆောင် နေမြဲဖြစ်ကြောင်းပင် ဖြစ်ပေသည်။

| | |
|---|---|
| | ၏၊ သင်တို့အား စောဒကတက်ရန် မကောင်းဆိုးဝါးသည် သူ၏ ကွပ်ကဲခံများကို စေ့ဆော်၏။ သူတို့အား နာခံလျှင် သင်တို့သည် ရောပြွမ်းကိုးကွယ်သူများမှ ဖြစ်ရလတ္တံ့။ |
| ၁၂၂။ | أَوَ مَن كَانَ مَيْتًا فَأَحْيَيْنَاهُ وَجَعَلْنَا لَهُ نُورًا يَمْشِي بِهِ فِي النَّاسِ كَمَن مَّثَلُهُ فِي الظُّلُمَاتِ لَيْسَ بِخَارِجٍ مِّنْهَا كَذَلِكَ زُيِّنَ لِلْكَافِرِينَ مَا كَانُواْ يَعْمَلُونَ ۞<br>သေနေခဲ့သူအား ငါအရှင်က ရှင်ပြန်စေလျှက် သူ့အတွက် အလင်းရောင်ကို ပြုလုပ်ပေး၍၊ ၎င်းဖြင့် လူဘုံအလယ်၌ ကျက်စားစေသောသူနှင့် အမိုက်မှောင်ထဲ၌ ထွက်ပေါက်မဲ့ရသော သူသည် တူညီသလော။ ဤနည်းအတိုင်းပင် ဖုံးကွယ်သူတို့အတို့ သူတို့၏ ကျင့်ကြံမှုများကို တင့်တယ်ဟန် ပြုထား၏။ |
| ၁၂၃။ | وَكَذَلِكَ جَعَلْنَا فِي كُلِّ قَرْيَةٍ أَكَابِرَ مُجَرِمِيهَا لِيَمْكُرُواْ فِيهَا وَمَا يَمْكُرُونَ إِلاَّ بِأَنفُسِهِمْ وَمَا يَشْعُرُونَ ۞<br>ဤသို့ပင် ငါသည် မြို့ရွာတိုင်း၌ အကြီးအကဲတို့အား သူတို့၏ ကြံစည်မှုများအတွက် ရာဇဝတ်ကောင်များ အဖြစ် ပြုလုပ်တော်မူ၏။ သူတို့သည် သူတို့၏ စရိုက်ကိုသာ မကောင်းကြံကြ၏၊ သတိထားနိုင်မှု မရှိကြချေ။[၂၇၉] |
| ၁၂၄။ | وَإِذَا جَاءتْهُمْ آيَةٌ قَالُواْ لَن نُّؤْمِنَ حَتَّى نُؤْتَى مِثْلَ مَا أُوتِيَ رُسُلُ اللّهِ اللّهُ أَعْلَمُ حَيْثُ يَجْعَلُ رِسَالَتَهُ سَيُصِيبُ الَّذِينَ أَجْرَمُواْ صَغَارٌ عِندَ اللّهِ وَعَذَابٌ شَدِيدٌ بِمَا كَانُواْ يَمْكُرُونَ ۞<br>သူတို့ထံသို့ သုတ်တော်တစ်ပါး ရောက်ရှိလာသော် “ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင်များထံသို့ ချီးမြှင့် သကဲ့သို့ ကျွန်ုပ်တို့အား မချီးမြှင့်သမျှ ယုံကြည်မည် မဟုတ်ချေ၊”ဟု ဆိုကြ၏။ ပရမတ်ဘုရားရှင်သည် မည်သည့် နေရာ၌ အရှင်၏ ဉာဏ်စဉ်ဆောင်ဘွဲ့နှင့် ခန့်အပ်ရမည်ကို အသိဆုံး ဖြစ်တော်မူ၏။[၂၈၀] ရာဇဝတ်ကောင်တို့အား သူတို့၏ ကြံစည်အားထုတ်မှုကြောင့် ပရမတ်ဘုရားရှင်၏ ထံတော်မှ သိမ်ငယ်ရမှု၊ ပြင်းထန်သော ဝဋ်ကြွေးဒဏ်ကို ဆိုက်စေတော်မူမည်။ |
| ၁၂၅။ | فَمَن يُرِدِ اللّهُ أَن يَهْدِيَهُ يَشْرَحْ صَدْرَهُ لِلإِسْلاَمِ وَمَن يُرِدْ أَن يُضِلَّهُ يَجْعَلْ صَدْرَهُ ضَيِّقًا حَرَجًا كَأَنَّمَا يَصَّعَّدُ فِي السَّمَاء كَذَلِكَ يَجْعَلُ اللّهُ الرِّجْسَ عَلَى الَّذِينَ لاَ يُؤْمِنُونَ ۞<br>ပရမတ်ဘုရားရှင်က လမ်းညွှန်လိုသော သူအား သန္တိသုခလမ်းစဉ်အတွက် သူ၏ ရင်ကို ကျယ်ဝန်းစေ၍၊ အပယ်၌ ထားလိုသောသူအား မိုးကောင်းကင်အား တက်ရသူကဲ့သို့ သူ၏ရင်ကို ကျဉ်းမြောင်း မွန်းကြပ်ရန် ပြုတော်မူ၏။[၂၈၁] ဤသို့ပင် ပရမတ်ဘုရားရှင်သည် ယုံကြည်မှု မရှိသူတို့အား ဈေးညှော်များဖြင့် ပြုလုပ်ထားတော်မူ၏။ |
| ၁၂၆။ | وَهَذَا صِرَاطُ رَبِّكَ مُسْتَقِيمًا قَدْ فَصَّلْنَا الآيَاتِ لِقَوْمٍ يَذَّكَّرُونَ ۞<br>ဤသည် ကံကြမ္မာရှင်ထံမှ ဖြောင့်မတ်မှန်ကန်သော လမ်းတော်ဖြစ်၏။ သတိရရှုမှတ်သော လူမျိုးတို့အတွက် သုတ္တန်များအား အဖြေမှန် ဖြစ်စေတော်မူ၏။ |
| ၁၂၇။ | لَهُمْ دَارُ السَّلاَمِ عِندَ رَبِّهِمْ وَهُوَ وَلِيُّهُم بِمَا كَانُواْ يَعْمَلُونَ ۞<br>သူတို့အတွက် ကံကြမ္မာရှင်၏ ထံတော်၌ သန္တိသုခဘုံနန်းသည် ရှိနေ၏။ သူတို့၏ ကျင့်ကြံမှုများကြောင့် အရှင်သည် သူတို့၏ ကွပ်ကဲသူ ဖြစ်တော်မူ၏။ |

(၂၇၉) ဉာဏ်စဉ်ဆောင်၊ သတင်းတော်ဆောင်နှင့် ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းရာ အရပ်များရှိ အာဏာပိုင်များကို ဆိုလိုခြင်း ဖြစ်၏၊ သူတို့သည် ထိုခေါင်းဆောင်များအား လုပ်ကြံရန်၊ လူ့အသိုင်းနှင့် ဖြတ်တောက်ရန် အမြဲကြံစည်လျှက် ရှိကြ၏။ ထိုသို့ ကြံစည်သော အာဏာပိုင်များ၏ ကြံစည်မှုသည် ရာဇဝတ်မှုသင့်သော ကြံစည်မှုသာ ဖြစ်၏။ သူတို့သည် အမှန်တရားအား အမြစ်ပြုတ် သုတ်သင်နိုင်မည် မဟုတ်ချေ။

(၂၈၀) နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ပွင့်ပေါ်လာသော အခါ ငါတို့လူမျိုး၊ ငါတို့မိရိုးဖလာ သာသနာတွင်းမှ အဘယ်ကြောင့် မပွင့်ပေါ်ရလေသနည်း၊ ထိုသို့ ပွင့်ပေါ်ခြင်း မဟုတ်သောကြောင့် ငါတို့မယုံကြည်နိုင်ဟု ပြောဆိုသော လူသားများကို ဤသုတ်တော်က ရည်ညွှန်းပေသည်။ သူတို့အထဲမှ ပွင့် ပေါ်ခဲ့လျှင်လည်း ဒေဝဒတ်ကဲ့သို့ လူသားများ များစွာ ရှိမည်ပင်။

(၂၈၁) မိုးကောင်းကင်နှင့် ပိုမိုနီးကပ်လေလေ အောက်စီဂျင်ပြတ်၍ အသက်ရှူ ကြပ်လာလေလေ ဖြစ်ရခြင်းဖြင့် ထပ်တူပြု ဖေါ်ပြထားခြင်း ဖြစ်သည်။

၁၂၈။ وَيَوْمَ يِحْشُرُهُمْ جَمِيعًا يَا مَعْشَرَ الْجِنِّ قَدِ اسْتَكْثَرْتُم مِّنَ الإِنسِ وَقَالَ أَوْلِيَآؤُهُم مِّنَ الإِنسِ رَبَّنَا اسْتَمْتَعَ بَعْضُنَا بِبَعْضٍ وَبَلَغْنَا أَجَلَنَا الَّذِيَ أَجَّلْتَ لَنَا قَالَ النَّارُ مَثْوَاكُمْ خَالِدِينَ فِيهَا إِلاَّ مَا شَاء اللّهُ إِنَّ رَبَّكَ حَكِيمٌ عَلِيمٌ ۞

သူတို့အား စုပေါင်း စုဆောင်းသော နေ့၌ “အို ပြည့်ကျပ်နေသော ပုတုဇဉ်တို့၊ သင်တို့သည် လူ့ဇာတိ၏ မွန်မြတ်မှုကို ပစ်ခဲ့ပြီ၊” သူတို့၏ ကွပ်ကဲခံ လူသားများက “အို ကံကြမ္မာရှင် တပည့်တော်တို့သည် အချင်းချင်း အကျိုးခံစားခဲ့ရ၍၊ တပည့်တော်တို့အတွက် သတ်မှတ်ကာလ၊ သတ်မှတ်ချိန်သည် လွှမ်းပါပြီ၊”ဟု ဆိုကြသော်၊ “ပရမတ်ဘုရားရှင်၏ စံချိန် ပြည့်သူမှအပ သင်တို့ ဝင်ရောက်ခံစားရန်မှာ အပူမီးပင် ဖြစ်လေ၏၊”ဟု မိန့်တော်မူ၏။ ဧကန်ပင် ကံကြမ္မာရှင်သည် ဓမ္မသတ်ရှင်၊ သိနေသောအရှင် ဖြစ်၏။

၁၂၉။ وَكَذَلِكَ نُوَلِّي بَعْضَ الظَّالِمِينَ بَعْضًا بِمَا كَانُواْ يَكْسِبُونَ ۞

သူတို့၏ ကျင့်ဆောင်မှုများကြောင့်၊ ဤသို့ပင် အချို့၏ အမိုက်စီးမှုသည် အချို့အား ကွပ်ကဲစေ၏။

၁၃၀။ يَا مَعْشَرَ الْجِنِّ وَالإِنسِ أَلَمْ يَأْتِكُمْ رُسُلٌ مِّنكُمْ يَقُصُّونَ عَلَيْكُمْ آيَاتِي وَيُنذِرُونَكُمْ لِقَاء يَوْمِكُمْ هَذَا قَالُواْ شَهِدْنَا عَلَى أَنفُسِنَا وَغَرَّتْهُمُ الْحَيَاةُ الدُّنْيَا وَشَهِدُواْ عَلَى أَنفُسِهِمْ أَنَّهُمْ كَانُواْ كَافِرِينَ ۞

☆၆း၁၀၀၊ ၆း၁၁၂

အို ပြည့်ကျပ်နေသော လူသားနှင့် ပုတုဇဉ်တို့☆ သင်တို့အား ငါ၏ သုတ်ဒေသနာတော်နှင့် သင်တို့အား သတိပေးသော ဤကြုံတွေ့ရမည့်နေ့အား ဆက်စပ်ပြရန် သင်တို့အနက် ဉာဏ်စဉ်ဆောင်များ မချီးမြှင့်ခဲ့သလော။– “တပည့်တော်တို့၏ ဉာဉ်စရိုက်အပေါ်၌ တပည့်တော်တို့ သက်သေဖြစ်ပါ၏၊”ဟု လျှောက်တင်ကြ၏။ သူတို့အား လောကီဘဝက ပြုစားခဲ့ပြီ၊ သူတို့သည် ဖုံးကွယ်သူများ ဖြစ်ကြောင်း သူတို့စရိုက်အပေါ် သူတို့သည် သက်သေ ဖြစ်၏။

၁၃၁။ ذَلِكَ أَن لَّمْ يَكُن رَّبُّكَ مُهْلِكَ الْقُرَى بِظُلْمٍ وَأَهْلُهَا غَافِلُونَ ۞

ယင်းမှာ သင်၏ကံကြမ္မာရှင်သည် သူတို့ မေ့လျော့နေစဉ်တွင် မြို့ရွာများအား မတရားသဖြင့် မဖျက်သိမ်းရန် ဖြစ်၏။

၁၃၂။ وَلِكُلٍّ دَرَجَاتٌ مِّمَّا عَمِلُواْ وَمَا رَبُّكَ بِغَافِلٍ عَمَّا يَعْمَلُونَ ۞

သူတို့ကျင့်ကြံသည်နှင့် အညီ အခွင့်အလမ်းကိုယ်စီ ရှိ၏။ ကံကြမ္မာရှင်သည် ကျင့်ကြံသမျှကို မေ့လျော့တော် မမူချေ။

၁၃၃။ وَرَبُّكَ الْغَنِيُّ ذُو الرَّحْمَةِ إِن يَشَأْ يُذْهِبْكُمْ وَيَسْتَخْلِفْ مِن بَعْدِكُم مَّا يَشَاء كَمَآ أَنشَأَكُم مِّن ذُرِّيَّةِ قَوْمٍ آخَرِينَ ۞

သင်၏ကံကြမ္မာရှင်သည် ကုံလုံပြည့်စုံသော အရှင်၊ ကရုဏာအပေါင်း၏ အရှင် ဖြစ်၏။ အရှင်၏ စံချိန်ပြည့်လျှင်☆ သင်တို့အား အခြားသော လူမျိုးတို့မှ သားမြေး အဖြစ် ပွံ့ပွားစေခဲ့ သကဲ့သို့ သင်တို့အား သိမ်းယူ၍ စံချိန်ပြည့်သော☆ နောက်မျိုးဆက်ကို ဆက်ခံစေတော်မူမည်။

☆၂း၇၀

၁၃၄။ إِنَّ مَا تُوعَدُونَ لآتٍ وَمَا أَنتُم بِمُعْجِزِينَ ۞

သင်တို့ ဆန့်ကျင်နိုင်စွမ်းမရှိသော အတိုက်အခံအား ပေးရောက်စေမည် သာတည်း။

၁၃၅။ قُلْ يَا قَوْمِ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ فَسَوْفَ تَعْلَمُونَ مَن تَكُونُ لَهُ عَاقِبَةُ الدِّارِ إِنَّهُ لاَ يُفْلِحُ الظَّالِمُونَ ۞ လူမျိုး

ဟောလော့ “အို ကျွန်ုပ်၏လူမျိုးတို့ သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံနေ၏။ မည်သူသည် နောက်ဆုံးပန်းတိုင်အား ရရှိသည်ကို သိကြရကုန်လတ္တံ့။ ဧကန်ပင် အမိုက်စီးသူတို့သည် အောင်မြင်ကြမည် မဟုတ်ချေ။”

| | |
|---|---|
| ၁၃၆။<br><br>ဝေစုပေး ကြ၍ | وَجَعَلُواْ لِلّهِ مِمِّا ذَرَأَ مِنَ الْحَرْثِ وَالأَنْعَامِ نَصِيبًا فَقَالُواْ هَذَا لِلّهِ بِزَعْمِهِمْ وَهَذَا لِشُرَكَآئِنَا فَمَا كَانَ لِشُرَكَآئِهِمْ فَلاَ يَصِلُ إِلَى اللّهِ وَمَا كَانَ لِلّهِ فَهُوَ يَصِلُ إِلَى شُرَكَآئِهِمْ سَاء مَا يَحْكُمُونَ ۞<br>ပရမတ်ဘုရားရှင်အတွက်– အရှင် စီမံပေးသည့် လယ်ယာများနှင့် ခွာကွဲစားမြုံပြန် တိရိစ္ဆာန်များမှ ဝေစုသတ်မှတ်လျက်၊ သူတို့၏ ယူဆချက်ဖြင့် “ဤသည် ပရမတ်ဘုရားရှင် အတွက်၊ ဤသည်ကား ကျွန်ုပ်တို့၏ ယှဉ်တွဲကိုးကွယ်ရာတို့ အဘို့ ဖြစ်၏၊”ဟု ဆိုကြ၏။ ပရမတ်ဘုရားအရှင်၏ အတွက်မှ သူတို့၏ ရောပြွန်းကိုးကွယ်မှုများသို့ **မျှကြ၍**၊ ရောပြွန်းကိုးကွယ်ရာများ၏ အတွက်မှ ပရမတ်ဘုရားရှင်အား မမျှကြချေ။ အဆုံးအဖြတ်များသည် အကုသိုလ်သာ ဖြစ်၏။ |
| ၁၃၇။ | وَكَذَلِكَ زَيَّنَ لِكَثِيرٍ مِّنَ الْمُشْرِكِينَ قَتْلَ أَوْلاَدِهِمْ شُرَكَآؤُهُمْ لِيُرْدُوهُمْ وَلِيَلْبِسُواْ عَلَيْهِمْ دِينَهُمْ وَلَوْ شَاء اللّهُ مَا فَعَلُوهُ فَذَرْهُمْ وَمَا يَفْتَرُونَ ۞<br>ဤသို့ပင် ရောပြွန်းကိုးကွယ်ခံများက ရောပြွန်းကိုးကွယ်သူများမှ များစွာအား လုံးပါးပါးစေရန်၊ သူတို့၏ သာသနာသည် သူတို့အား ဖုံးဖိလွှမ်းခြုံစေရန်၊ သူတို့ရင်သွေးများ၏ ဘဝကိုသတ်နေခြင်းအား တင့်တယ်လေဟန်ပြုထား၏။ ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်ခဲ့လျှင် ယင်းသို့ ကျင့်ကြံကြမည် မဟုတ်ချေ။ သူတို့၏ လည်ဆယ်မှုထဲ၌ သူတို့အား စွန့်ပစ်ထားလေ့။[၃၈၂] |
| ၁၃၈။ | وَقَالُواْ هَذِهِ أَنْعَامٌ وَحَرْثٌ حِجْرٌ لاَّ يَطْعَمُهَا إِلاَّ مَن نّشَاء بِزَعْمِهِمْ وَأَنْعَامٌ حُرِّمَتْ ظُهُورُهَا وَأَنْعَامٌ لاَّ يَذْكُرُونَ اسْمَ اللّهِ عَلَيْهَا افْتِرَاء عَلَيْهِ سَيَجْزِيهِم بِمَا كَانُواْ يَفْتَرُونَ ۞<br>“ထို ခွာကွဲစားမြုံပြန်သော တိရိစ္ဆာန်များ၊ လယ်ယာထွက်ကုန်များကို ကျွန်ုပ်တို့ စံချိန်သတ်မှတ်သူမှအပ[၃၈၃] စားသုံးခြင်း မရှိရန် ပိတ်ပင်ထား၏၊ ထိုတိရိစ္ဆာန်များ၏ ကျောကုန်းကိုလည်း တားမြစ်ထား၏၊”[၃၈၄] ဟု သူတို့၏ ယူဆချက်အတိုင်း ပြောဆိုကြ၏။ ထိုတိရိစ္ဆာန်များအား လှီးဖြတ်ရာ၌ ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အား သတိရခြင်း မရှိချေ။ ထို၌ သူတို့ လည်ဆယ်ကြ၏။ လည်ဆယ်မှုများအတွက် သူတို့သည် အစားပေးခြင်း ခံရလတ္တံ့။ |
| ၁၃၉။ | وَقَالُواْ مَا فِي بُطُونِ هَذِهِ الأَنْعَامِ خَالِصَةٌ لِّذُكُورِنَا وَمُحَرَّمٌ عَلَى أَزْوَاجِنَا وَإِن يَكُن مَّيْتَةً فَهُمْ فِيهِ شُرَكَاء |

---

**(၃၈၂)** ဤသုတ်တော်များ (၁၃၆ နှင့် ၁၃၇)သည် ဘုရားတစ်ဆူထက် ပို၍ ကိုးကွယ်သူများ၏ သဘာဝကို ဖော်ပြခြင်း ဖြစ်ပေသည်။ ဘုရားရှင်အတွက် ဝေစု ဆိုသည်မှာ ကလေးသူငယ်များအား ဘဝရှင်သန် မြှင့်တင်ပေးရန် ဖြစ်ပြီး၊ အခြားသော ကိုးကွယ်ရာများ ဆိုသည်မှာ နားလည်ပြီးသားအတိုင်း ဘုရားရှင်မှ အပ ဘုရားရှင်၏ အမည်နာမအောက်၌ ခိုလှုံနေသော အခြားသော ကိုးကွယ်ခံများကို ဆိုလိုပေသည်။ ရောပြွန်းကိုးကွယ်သူများသည် မိမိတို့ကိုယ် မိမိတို့ စိတ်သက်သာရစေရန် အကြောင်းပြချက် အမျိုးမျိုးဖြင့် လှူဒါန်းနေမှုများကို ပြန်လည် သုံးသပ်ရန် လိုပေသည်။ အခြားအရာများအား လှူလိုက်သည်များမှာ လူသား အကျိုးပြုအတွက် ပြန်လာသည် ဟူ၍ မရှိပေ။ ထိုကိုးကွယ်ခံများကသာ စားသုံးလိုက် ကြပေသည်။ များစွာသော လူများသည် ကလေးသူငယ်များကို စနစ်တကျ လေ့ကျင့် ပျိုးထောင်ရမည်ကို သတိပင်မရပေ၊ သို့သော် သက်မဲ့သက်ရှိ ကိုးကွယ်ခံတို့အား စွန့်ကြဲလှူဒါန်းရန်ကိုသာ အမြဲ သတိရနေကြပေသည်။ ထိုအကြောင်းအရာကို ကိုးကွယ်ခံများက –သာသနာကို ဖုံးဖိလွှမ်းမိုးစေ၏။ (သာသနာကို အရေခြုံ၍ မိမိတို့ အလှူရရန် သူတစ်ပါးအား မှိုင်းတိုက်၏) ဆိုသော စကားနှင့် ၁၃၆ ပါ၊ ဘုရားရှင်အတွက်သည် သူတို့ထံသို့ မျှကြ၍ (ဘုရားရှင် အတွက် ဟု တင်စားသော ကလေးသူငယ်များအား ပြုစုရေးအတွက် ဝေစုများမှ ထိုကိုးကွယ်ခံများအား မျှပေးလိုက်ရ၍)၊ ဟူသော စကားက ရှင်းလင်းစေပေသည်။ မိမိတို့သားသမီးများအား အလုပ်စားသုံးသော လုတန်းစားဖြစ်ရန် ပျိုးထောင်ခြင်း၊ သို့မဟုတ် မဆင်မခြင် အလှူပေးခြင်း၌ နစ်မွန်းတတ်စေရန် ဦးဆောင်လမ်းပြပြုခြင်း အားလုံးသည် သားသမီးများအား ဘဝသတ်ခြင်း မည်ပေသည်။ အစ္စလာမ် သာသနာသည် လူမှုဝန်ထမ်းများ ဗဟုသုတ ကြွယ်ဝစေသော သင်တန်းများအား ထောက်ပံ့ခြင်းကို အားပေးပေသည်။ သို့သော် ကြေးစား ဘာသာရေးသမားများ၊ မိမိကိုယ်မိမိ ဆရာသခင်ကြီး ဝါဒထူထောင်သူများကို လုံးဝ အားမပေးချေ။

**(၃၈၃)** သူတို့၏ စံချိန်ပြည့်သော သူများမှာ ရုပ်ပွားဆင်းတု သို့မဟုတ် ယဇ်ပူဇော်ရာ တစ်ခုအတွက် ဦးဆောင် ဆရာတော်များနှင့် ယောကျ်ားများသာ ဖြစ်သည်။ အမျိုးသမီးများ မပါဝင်ချေ။

**(၃၈၄)** ကျောကုန်းများကို တားမြစ်ထားသည် ဆိုခြင်းမှာ စီးနင်း ခိုင်းစေခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည် ဟု ဆိုလို၍ ထိုတိရိစ္ဆာန်များကို (၅း၁၀၃) တွင်ကြည့်ပါ။ အစ္စလာမ် သာသနာတွင် ယဇ်ပူဇော်ခြင်းကို တားမြစ်ထားပြီး ထိုယဇ်ကောင်၏ အသားကိုလည်း စားပိုင်ခွင့် မရှိချေ။ ကုရ်ဘာနီမှာ ယဇ်ပူဇော်ခြင်း မဟုတ်ချေ (၂၂း၃၇)။ ထို့အပြင် မည်သည့် ကိစ္စ၌မဆို လိင်ခွဲခြားခြင်းကိုလည်း ခွင့်မပြုချေ။

| | |
|---|---|
| | سَيَجْزِيهِمْ وَصْفَهُمْ إِنَّهُ حِكِيمٌ عَلِيمٌ۞<br>ဤတိရိစ္ဆာန်များ၏ ဝမ်းတွင်းရှိ အရာများသည် ကျွန်ုပ်တို့ ယောကျ်ားများအတွက် သီးသန့်ဖြစ်၍၊ ကျွန်ုပ်တို့၏ ပေါင်းဖေါ်များ အတွက် တားမြစ်ပြီး ဖြစ်၏၊ အကယ်၍ အသေဖြစ်နေလျှင် ထိုဠ် သူတို့အားလုံး အတူတကွပင် ဖြစ်၏ဟု သူတို့၏ သဘောထားပေးမှုအတွက် အစားပေးခြင်း ခံရလတ္တံ့။ အရှင်သည် ဓမ္မသတ်ရှင် သိနေသောအရှင် ဖြစ်၏။ |
| ၁၄၀။ | قَدْ خَسِرَ الَّذِينَ قَتَلُواْ أَوْلاَدَهُمْ سَفَهًا بِغَيْرِ عِلْمٍ وَحَرَّمُواْ مَا رَزَقَهُمُ اللّهُ افْتِرَاء عَلَى اللّهِ قَدْ ضَلُّواْ وَمَا كَانُواْ مُهْتَدِينَ۞<br>မိမိတို့၏ သားသမီးများအား အသိမဲ့လျှက် ဗဟုသုတမဲ့စွာ သတ်ခဲ့ကြသူတို့သည် မုချ ဆုံးရှုံးရသူများ ဖြစ်၏။ ပရမတ်ဘုရားရှင်က ရိက္ခာပေးခဲ့သည်များကိုလည်း ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ လည်ဆယ်လျှက် တားမြစ်ခဲ့ကြ၏။ သူတို့သည် လမ်းညွှန်မှန်၌ မရှိခဲ့ခြင်းကြောင့် လမ်းလွဲရသူများ ဖြစ်ကြ၏။ |
| ၁၄၁။ | وَهُوَ الَّذِي أَنشَأَ جَنَّاتٍ مَّعْرُوشَاتٍ وَغَيْرَ مَعْرُوشَاتٍ وَالنَّخْلَ وَالزَّرْعَ مُخْتَلِفًا أُكُلُهُ وَالزَّيْتُونَ وَالرُّمَّانَ مُتَشَابِهًا وَغَيْرَ مُتَشَابِهٍ كُلُواْ مِن ثَمَرِهِ إِذَا أَثْمَرَ وَآتُواْ حَقَّهُ يَوْمَ حَصَادِهِ وَلاَ تُسْرِفُواْ إِنَّهُ لاَ يُحِبُّ الْمُسْرِفِينَ۞<br>အရှင်သည် နွယ်တက်သော အပင်၊ နွယ်မတက်သော အပင်၊ စွံပလွန်ပင်၊ စားသုံးရ ကွဲပြားသော သီးနှံပင် ဥယျာဉ်များ သဏ္ဍာန်တူ သဏ္ဍာန်ကွဲ သံလွင်ပင်၊ သလဲပင်များကို ပေါက်ပွားစေတော်မူ၏။ သစ်သီးဝလံများ သီးဝေသောအခါ စားသုံးကြလော့၊ ရိတ်သိမ်းချိန်တွင် (တာဝန်ကြေး) မှန်ကန်စွာ ပေးကမ်းကြလော့၊ မဖြုန်းတီးကြလင့် အရှင်သည် ဖြုန်းတီးသူများအား နှစ်သက်တော်မမူချေ။ |
| ၁၄၂။ | وَمِنَ الأَنْعَامِ حَمُولَةً وَفَرْشًا كُلُواْ مِمَّا رَزَقَكُمُ اللّهُ وَلاَ تَتَّبِعُواْ خُطُوَاتِ الشَّيْطَانِ إِنَّهُ لَكُمْ عَدُوٌّ مُّبِينٌ۞<br>ဝန်တင်သော၊ သားစားမွေးသော ခွာကွဲစားမြုံ့ပြန် တိရိစ္ဆာန်များမှ ပရမတ်ဘုရားရှင် ရိက္ခာပေးရာကို စားသုံးကြလော့၊ မကောင်းဆိုးဝါး၏ ဖဝါးခြေထပ် မလိုက်နာကြလင့်၊ ၎င်းသည် သင်တို့၏ ထင်ရှားသော အတိုက်အခံဖြစ်၏။ |
| ၁၄၃။<br><br>၂း၂၅<br>أَزْوَاجٍ | ثَمَانِيَةَ أَزْوَاجٍ مِّنَ الضَّأْنِ اثْنَيْنِ وَمِنَ الْمَعْزِ اثْنَيْنِ قُلْ آلذَّكَرَيْنِ حَرَّمَ أَمِ الأُنثَيَيْنِ أَمَّا اشْتَمَلَتْ عَلَيْهِ أَرْحَامُ الأُنثَيَيْنِ نَبِّؤُونِي بِعِلْمٍ إِن كُنتُمْ صَادِقِينَ۞<br>**အစုဖွဲ့**ရှစ်ကောင်။ သိုးမှ နှစ်ကောင်၊ ဆိတ်မှ နှစ်ကောင်။ ဟောပြောလော့ "အရှင်သည် အထီးနှစ်ကောင်ကို ဖြစ်စေ၊ အမ နှစ်ကောင်ကို ဖြစ်စေ၊ အမနှစ်ကောင်၏ ဝမ်းတွင်းမှ လွှမ်းခြုံထားရာကို ဖြစ်စေ တားမြစ်ခဲ့လေသလော၊ အသင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် အသိတရားဖြင့် ထုတ်ပြန်ကြလော့။" |
| ၁၄၄။ | وَمِنَ الإِبْلِ اثْنَيْنِ وَمِنَ الْبَقَرِ اثْنَيْنِ قُلْ آلذَّكَرَيْنِ حَرَّمَ أَمِ الأُنثَيَيْنِ أَمَّا اشْتَمَلَتْ عَلَيْهِ أَرْحَامُ الأُنثَيَيْنِ أَمْ كُنتُمْ شُهَدَاء إِذْ وَصَّاكُمُ اللّهُ بِهَذَا فَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا لِيُضِلَّ النَّاسَ بِغَيْرِ عِلْمٍ إِنَّ اللّهَ لاَ يَهْدِي الْقَوْمَ الظَّالِمِينَ۞<br>ကုလားအုပ်မှ နှစ်ကောင်၊ နွားများမှ နှစ်ကောင်။ ။ ဟောပြောလော့ "အရှင်သည် အထီးနှစ်ကောင်ကို ဖြစ်စေ၊ အမ နှစ်ကောင်ကို ဖြစ်စေ၊ အမနှစ်ကောင်၏ ဝမ်းတွင်းမှ လွှမ်းခြုံထားရာကို ဖြစ်စေ တရားမဝင်ပြုခဲ့သလော၊ သို့မဟုတ် ပရမတ်ဘုရားရှင်က သင်တို့အား ဤပညတ်ကို မြွက်ကြားစဉ် အသင်တို့သည် မျက်မှောက်သက်သေ ဖြစ်သလော။ |

| | |
|---|---|
| | အသိတရားမရှိဘဲ လူသားအပေါင်းအား လွဲမှားစေရန် ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လည်ဆယ် မုသားပြုသူထက် မည်သူက ပို၍ မိုက်မဲဘိသနည်း။ ပရမတ်ဘုရားရှင်သည် အမိုက်ကောင်များကို လမ်းညွှန်တော် မမူချေ။[၂၈၅] |
| ၁၄၅။<br><br><br><br><br>☆၂:၁၇၃<br>၅:၃ | قُل لاَّ أَجِدُ فِي مَا أُوْحِيَ إِلَيَّ مُحَرَّمًا عَلَى طَاعِمٍ يَطْعَمُهُ إِلاَّ أَن يَكُونَ مَيْتَةً أَوْ دَمًا مَّسْفُوحًا أَوْ لَحْمَ خِنزِيرٍ فَإِنَّهُ رِجْسٌ أَوْ فِسْقًا أُهِلَّ لِغَيْرِ اللهِ بِهِ فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَلاَ عَادٍ فَإِنَّ رَبَّكَ غَفُورٌ رَّحِيمٌ۝<br>ဟောကြားလော့၊ ကျွန်ုပ်အား အာရုံစျာန်ပေးရာ၌– အသေကောင်၊ စီးထွက်သော သွေး၊ ဝက်သား၊ မသန့်ပြန့်သော အရာ၊ ပရမတ်ဘုရားရှင်မှအပ အခြားကို ရည်စူးသော သမာအာဇီဝ မဟုတ်သောအရာ– များမှအပ စားသုံးသူ အတွက် တရားမဝင်သည့် စားသုံးစရာကို မတွေ့ရပေ။ သို့သော် မကျူးလွန်လိုဘဲ၊ မမက်မောဘဲ အကျဉ်းအကြပ်၌ ရှိနေသူအတွက် ပရမတ်ဘုရားရှင်သည် ခွင့်လွှတ်သောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။☆ |
| ၁၄၆၊ | وَعَلَى الَّذِينَ هَادُواْ حَرَّمْنَا كُلَّ ذِي ظُفُرٍ وَمِنَ الْبَقَرِ وَالْغَنَمِ حَرَّمْنَا عَلَيْهِمْ شُحُومَهُمَا إِلاَّ مَا حَمَلَتْ ظُهُورُهُمَا أَوِ الْحَوَايَا أَوْ مَا اخْتَلَطَ بِعَظْمٍ ذَلِكَ جَزَيْنَاهُم بِبَغْيِهِمْ وِإِنَّا لَصَادِقُونَ۝<br>ရေဝတီအတို့အပေါ်၌ ခွာဆက် တိရိစ္ဆာန်များသည်[၂၈၆] တရားမဝင်ချေ။ နွား ဆိတ်တို့မှ ကျောကုန်းနှင့် အူများတွင် ကပ်နေသော အရာနှင့် ရိုးတွင်းချဉ်ဆီများမှအပ အခြားသော အဆီများသည်လည်း တရားမဝင်ချေ။[၂၈၇] သူတို့၏ ထောင်ထားခြားနားမှုကြောင့် ဤသို့အစားပေးတော်မူ၏။ ငါသည် ဖြောင့်မတ်မှန်ကန်ဆုံးသော အရှင် ဖြစ်၏။ |
| ၁၄၇။ | فَإِن كَذَّبُوكَ فَقُل رَّبُّكُمْ ذُو رَحْمَةٍ وَاسِعَةٍ وَلاَ يُرَدُّ بَأْسُهُ عَنِ الْقَوْمِ الْمُجْرِمِينَ۝<br>အကယ်၍ သင့်အား ငြင်းဆိုကြလျှင်၊ ဟောပြောလော့ “သင်တို့၏ ကံကြမ္မာရှင်သည် ကရုဏာတရား၊ ဥာဏ်စေစား နေမှုတို့၏ အရှင်ဖြစ်၏။ သို့သော် ရာဇဝတ်မှုသင့်သော လူမျိုးတို့၏ ဆိုးကျိုးဆက်ကို ရုပ်သိမ်းလိမ့်မည် မဟုတ်ချေ။ |
| ၁၄၈။<br><br><br><br>☆၂:၇၀ | سَيَقُولُ الَّذِينَ أَشْرَكُواْ لَوْ شَاء اللهُ مَا أَشْرَكْنَا وَلاَ آبَاؤُنَا وَلاَ حَرَّمْنَا مِن شَيْءٍ كَذَلِكَ كَذَّبَ الَّذِينَ مِن قَبْلِهِم حَتَّى ذَاقُواْ بَأْسَنَا قُلْ هَلْ عِندَكُم مِّنْ عِلْمٍ فَتُخْرِجُوهُ لَنَا إِن تَتَّبِعُونَ إِلاَّ الظَّنَّ وَإِنْ أَنتُمْ إَلاَّ تَخْرُصُونَ۝<br>ရောပွန်းကိုးကွယ်သူများက “ပရမတ်ဘုရားရှင်သာ စံချိန်ပြည့်ခဲ့လျှင်☆ ကျွန်ုပ်တို့၊ ကျွန်ုပ်တို့၏ မိရိုးဖလာသည် ရောပွန်းကိုးကွယ်မည် မဟုတ်ပါ။ တစ်စုံတစ်ရာကိုမျှ တားမြစ်တော့မည် မဟုတ်ပါ။”ဟု ဆိုကြလတ္တံ့။ ဤသို့ပင် သူတို့၏ ရှေ့သူတို့သည်လည်း ဆိုးကျိုးဆက်ကို မြည်းစမ်းရသည်အထိ မုသားပြုကြ၏။ ဟောလော့ “အသင်တို့၌ ကျွန်ုပ်အား ထုတ်ပြနိုင်ရန် သိထားသည့်အရာ ရှိကြသလော၊ အသင်တို့သည် ယူဆချက်ကိုသာ လိုက်နာနေကြ၏၊ သင်တို့သည် လှည့်စားသူများသာ ဖြစ်ကြ၏။ |
| ၁၄၉။ | قُلْ فَلِلّهِ الْحُجَّةُ الْبَالِغَةُ فَلَوْ شَاء لَهَدَاكُمْ أَجْمَعِينَ۝<br>ဟောလော့ “နိဂုံးချုပ် ချေပချက်သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌ ရှိ၏။ စံချိန်ပြည့်ခဲ့လျှင် သင်တို့ အားလုံးကို လမ်းညွှန်တော်မူပေအံ့။ |
| ၁၅၀။ | قُلْ هَلُمَّ شُهَدَاءكُمُ الَّذِينَ يَشْهَدُونَ أَنَّ اللهَ حَرَّمَ هَذَا فَإِن شَهِدُواْ فَلاَ تَشْهَدْ مَعَهُمْ وَلاَ تَتَّبِعْ أَهْوَاء الَّذِينَ |

---

**(၂၈၅)** အစ္စလာမ် သာသနာဝင်များ အတွက် စားသုံးရန် တားမြစ်ထားသော အစားအစာများကို အောက်ဖော်ပါပြ သုတ်တော်တွင် တွေ့နိုင်ပေသည်။ ဤသုတ်တော် နှစ်ပါးတွင် တိရစ္ဆာန် ရှစ်ကောင်၏ အကြောင်းကိုသာ ဖော်ပြခြင်းမှာ အစ္စလာမ်သို့ ကူးပြောင်း လာသော်လည်း ရိုးရာ စရိုက်များ ဆက်လက် ရှိနေမြဲ ဖြစ်သော အာရ်ရပ်တို့၏ အငြင်းပွားနေမှုကို ဖြေရှင်း တင်ပြခြင်းပင် ဖြစ်ပေသည်။

**(၂၈၆)ظُفُر ဇူဖူးရ်** ဆိုသည်မှာ ခြေသည်း လက်သည်းရှိသော တိရိစ္ဆာန်များ၊ ခွာဆက်နေသော တိရိစ္ဆာန်များကို ခေါ်ပေသည်။ ထိုအထဲတွင် ကုလားအုပ်၊ ငှက်ကုလားလုပ်၊ ဘဲ၊ ဘဲငန်း စသည်တို့လည်းပါဝင်ပေသည်။

**(၂၈၇)** ရေဝတီ (ဂျူး) လူမျိုးများအား အဆီများမစားရန် တားမြစ်ထားမှုကို သမ္မာကျမ်းစာ၏ ဝတ်ပြုရာကျမ်း ၇း၂၃ တွင်လည်းတွေ့နိုင်ပေသည်။

| | |
|---|---|
| | كَذَّبُواْ بِآيَاتِنَا وَالَّذِينَ لاَ يُؤْمِنُونَ بِالآخِرَةِ وَهُم بِرَبِّهِمْ يَعْدِلُونَ۞<br>ဟောလော့ "ပရမတ်ဘုရားရှင်က ဤအရာအား တရားမဝင်ပြဋ္ဌာန်းထားသည်ဟု သက်သေခံနိုင်သော သင်တို့၏ သက်သေကို ခေါ်ခဲ့ကြလော့၊" သက်သေခံကြလျှင် သူတို့နှင့်အတူ သက်သေ မဖြစ်ကြလင့်။ ငါ၏ သုတ်ဒေသနာများအား ငြင်းဆန်သူ၊ နောင်တမလွန်အား မယုံကြည်သူ၊ ကံကြမ္မာရှင်အား ပုခုံးချင်းယှဉ်သူ[၁၈၈]တို့၏ အလိုရမက်များကို မလိုက်နာကြလင့်။ |
| ၁၅၁။ | قُلْ تَعَالَوْاْ أَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ أَلاَّ تُشْرِكُواْ بِهِ شَيْئًا وَبِالْوَالِدَيْنِ إِحْسَانًا وَلاَ تَقْتُلُواْ أَوْلاَدَكُم مِّنْ إمْلاَقٍ نَّحْنُ نَرْزُقُكُمْ وَإِيَّاهُمْ وَلاَ تَقْرَبُواْ الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَلاَ تَقْتُلُواْ النَّفْسَ الَّتِي حَرَّمَ اللّهُ إِلاَّ بِالْحَقِّ ذَلِكُمْ وَصَّاكُمْ بِهِ لَعَلَّكُمْ تَعْقِلُونَ۞<br>ဟောလော့ "လာကြကုန်လော့၊ သင်တို့အား ကံကြမ္မာရှင်က တရားမဝင်ပြု ထားသည်များကို ကျွန်ုပ် ရွတ်ပြပေအံ့၊ အရှင်နှင့် ရေပြွန်းကိုးကွယ်ခြင်း စိုးစဉ်းမျှ မပြုရ။ မိဘတို့အပေါ် ကောင်းမွန်ရမည်။ ချို့တဲ့၍ သားသမီးတို့အား မသတ်ဖြတ်ရ၊ ငါသည် သူတို့အား ရိက္ခာထောက်တော်မူမည်။ ပေါ်လွင်သောအရာ၊ ထိန်ချန်ထားသော အရာများမှ မကြားဝံ့မနာသာ ရာဂမကင်းသည်တို့အား မချဉ်းကပ်ရ။ တရားမျှတရန်မှအပ ပရမတ်ဘုရားရှင်က တရားမဝင်ပြဋ္ဌာန်းသော ဉာဉ်စရိုက်ကို မသတ်ဖြတ်ရ။ ဤသည် သင်တို့ အတွေးအခေါ်ရှိစေအံ့ငှာ ဆင့်ပြန်တော်မူ၏။" |
| ၁၅၂။ | وَلاَ تَقْرَبُواْ مَالَ الْيَتِيمِ إِلاَّ بِالَّتِي هِيَ أَحْسَنُ حَتَّى يَبْلُغَ أَشُدَّهُ وَأَوْفُواْ الْكَيْلَ وَالْمِيزَانَ بِالْقِسْطِ لاَ نُكَلِّفُ نَفْسًا إِلاَّ وُسْعَهَا وَإِذَا قُلْتُمْ فَاعْدِلُواْ وَلَوْ كَانَ ذَا قُرْبَى وَبِعَهْدِ اللّهِ أَوْفُواْ ذَلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَذَكَّرُونَ۞<br>မိဘမဲ့တို့ တိကျစွာ အရွယ်ရောက်သည့်တိုင် သူတို့၏ ဥစ္စာပစ္စည်းများသို့ စေတနာကောင်း မရှိဘဲ မချဉ်းကပ်ရ၊ ကုန်ဖလှယ်ရာ၌ ပြည့်စေလော့။ ချိန်တွယ်မှုကို မျှစေလော့။ ငါသည် မည်သည့် ဉာဉ်ကိုမှ မနိုင်ဝန်ကို မထမ်းစေပေ။ ဆွေမျိုးသားချင်း ဖြစ်သည့်တိုင် တိကျပြတ်သားစွာ ပြောဆိုရမည်။ ပရမတ်ဘုရားရှင်နှင့် ကတိတော်၌ ဖြည့်ဆီးရမည်။ သင်တို့ သတိတရရှိအံ့သောငှာ ဤသို့ ဆင့်ပြန်တော်မူ၏။ |
| ၁၅၃။ | وَأَنَّ هَذَا صِرَاطِي مُسْتَقِيمًا فَاتَّبِعُوهُ وَلاَ تَتَّبِعُواْ السُّبُلَ فَتَفَرَّقَ بِكُمْ عَن سَبِيلِهِ ذَلِكُمْ وَصَّاكُم بِهِ لَعَلَّكُمْ تَتَّقُونَ۞<br>ဤသည် ဖြောင့်မတ်မှန်ကန်သော လမ်းစဉ် မုချ ဖြစ်၏။ ၎င်းကို လိုက်နာကြလော့။ ထိုလမ်းစဉ်နှင့် သင်တို့အား ကွဲကွာစေမည့် လမ်းစဉ်များကို မလိုက်နာကြကုန်လင့်။ သင်တို့သည် စည်းစောင့်အံ့သောငှာ ဤသို့ ဆင့်ပြန်တော်မူ၏။ |
| ၁၅၄။ | ثُمَّ آتَيْنَا مُوسَى الْكِتَابَ تَمَامًا عَلَى الَّذِيَ أَحْسَنَ وَتَفْصِيلاً لِّكُلِّ شَيْءٍ وَهُدًى وَرَحْمَةً لَّعَلَّهُم بِلِقَاء رَبِّهِمْ يُؤْمِنُونَ۞<br>တဖန် ငါသည် မူဆာအား ကျမ်းတော်ကို ချီးမြှင့်တော်မူ၏။ ကောင်းမွန်သူအား ပြည့်စုံစေတော်မူ၏။ ခပ်သိမ်းကုန် အားဋီကာဖွင့် ရှင်းပြတော်မူ၏။ သက်ဝင်ယုံကြည်သော၊ ကံကြမ္မာရှင်အား ဖူးမျှော်ရအံ့ငှာ သူတို့အား လမ်းညွှန်ကရုဏာကို သက်စေတော်မူ၏။ |
| ၁၅၅။<br>ကုရ်အာန် | وَهَذَا كِتَابٌ أَنزَلْنَاهُ مُبَارَكٌ فَاتَّبِعُوهُ وَاتَّقُواْ لَعَلَّكُمْ تُرْحَمُونَ۞<br>**ဤ**သည် ကျက်သရေမင်္ဂလာနှင့် ချမှတ်ပေးသော ကျမ်းတော် ဖြစ်၏။ ၎င်းအား လိုက်နာကြလော့၊ ကရုဏာသက် ခံရအံ့ငှာ စည်းစောင့်ကြကုန်လော့။ |

---

**(၁၈၈) ယာအ်ဒိလူး(န်)** ဆိုသည်မှာ ဂုဏ်ရည်တူပြုလုပ်သည်။ ဟု ဖြစ်ပေသည်။ ပရမတ်ဘုရားရှင်သည် အတ္တကိုယ်ထည်ဖြင့် တည်ရှိခြင်း မဟုတ်ချေ။ သို့သော် အရှင်နှင့် ဂုဏ်ရည်တူဟု မိမိကိုယ်မိမိ စိတ်ကြီးဝင်နေသူများအား နားလည်လွယ်ရန် "ပုခုံးချင်းယှဉ်သူ"ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၁၅၆။ | أَن تَقُولُواْ إِنَّمَا أُنزِلَ الْكِتَابُ عَلَى طَآئِفَتَيْنِ مِن قَبْلِنَا وَإِن كُنَّا عَن دِرَاسَتِهِمْ لَغَافِلِينَ۞<br>သို့မဟုတ်က “ကျမ်းစာသည် ကျွန်ုပ်တို့မတိုင်မီ ရှေးအုပ်စု နှစ်ခုအား ချမှတ်ပေးခြင်းသာ ဖြစ်၍၊ သူတို့၏ ရွတ်ဖတ်ခြင်းကို ကျွန်ုပ်တို့ မလေ့လာမိချေ ဟု ပြောကြလိမ့်မည်။”[၃၈၉] |
| ၁၅၇။ | أَوْ تَقُولُواْ لَوْ أَنَّا أُنزِلَ عَلَيْنَا الْكِتَابُ لَكُنَّا أَهْدَى مِنْهُمْ فَقَدْ جَاءكُم بَيِّنَةٌ مِّن رَّبِّكُمْ وَهُدًى وَرَحْمَةٌ فَمَنْ أَظْلَمُ مِمَّن كَذَّبَ بِآيَاتِ اللّهِ وَصَدَفَ عَنْهَا سَنَجْزِي الَّذِينَ يَصْدِفُونَ عَنْ آيَاتِنَا سُوءَ الْعَذَابِ بِمَا كَانُواْ يَصْدِفُونَ۞<br>သို့တည်းမဟုတ် အကယ်၍သာ ကျွန်ုပ်တို့အား ကျမ်းတော် ချမှတ်ပေးခဲ့လျှင် ကျွန်ုပ်တို့သည်လည်း လမ်းညွှန်ရ၍ သူတို့ အထဲမှပင် ဖြစ်ချေမည် ဟု ပြောကြလိမ့်မည်။ မုချပင် သင်တို့ထံသို့ ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်၊ လမ်းညွှန်ချက်နှင့် ကရုဏာတော်များ ရောက်ခဲ့ပြီ။ ပရမတ်ဘုရားရှင်၏ သုတ်ဒေသနာများအား ငြင်းဆန်သူ၊ ထိုမှ ဟန့်တားသူထက် မည်သူသည် အမိုက်ကောင်ဖြစ်ဘိသနည်း။ ငါ၏ သုတ္တန်များမှ ဟန့်တားသူများအား သူတို့၏ တားမြစ်မှုများကြောင့် အကုသိုလ် ဝဋ်ကြွေးကို အစားပေးတော်မူလတ္တံ့။ |
| ၁၅၈။ | هَلْ يَنظُرُونَ إِلاَّ أَن تَأْتِيهُمُ الْمَلآئِكَةُ أَوْ يَأْتِيَ رَبُّكَ أَوْ يَأْتِيَ بَعْضُ آيَاتِ رَبِّكَ يَوْمَ يَأْتِي بَعْضُ آيَاتِ رَبِّكَ لاَ يَنفَعُ نَفْسًا إِيمَانُهَا لَمْ تَكُنْ آمَنَتْ مِن قَبْلُ أَوْ كَسَبَتْ فِي إِيمَانِهَا خَيْرًا قُلِ انتَظِرُواْ إِنَّا مُنتَظِرُونَ۞ |
| ❖၂:၂၁၀ | သူတို့ထံသို့ နတ်သိကြားမင်းကြီး❖ ရောက်လာမည်ဟု၊ သင်၏ကံကြမ္မာရှင် ရောက်လာမည်ဟု၊ ကံကြမ္မာရှင်၏ထံမှ နိမိတ်လက္ခဏာ တစ်ချို့ ရောက်လာမည်ဟု၊ စောင့်စားနေကြသလော။ ကံကြမ္မာရှင်၏ထံမှ နိမိတ်လက္ခဏာ တချို့ ရောက်လာသော နေ့၌ ယခင်က ယုံကြည်ခြင်း မရှိခဲ့သော၊ ယုံကြည်မှု၌ ကောင်းမြတ်မှုကို မကျင့်ဆောင်ခဲ့သော စရိုက်အတွက် ယုံကြည်ခြင်းသည် အကျိုး မဖြစ်ထွန်းချေ။ “စောင့်ကြည့်ကြလော့၊ ကျွန်ုပ်တို့လည်း စောင့်ကြည့်နေကြ၏၊” ဟု ဟောကြားလော့။ |
| ၁၅၉။ | إِنَّ الَّذِينَ فَرَّقُواْ دِينَهُمْ وَكَانُواْ شِيَعًا لَّسْتَ مِنْهُمْ فِي شَيْءٍ إِنَّمَا أَمْرُهُمْ إِلَى اللّهِ ثُمَّ يُنَبِّئُهُم بِمَا كَانُواْ يَفْعَلُونَ۞<br>ကေန်ပင် သူတို့သည် သာသနာအား ဂိုဏ်းအမျိုးမျိုးဖြစ်ရန် ခွဲကြသောသူတို့ ဖြစ်၏။ သင်သည် ထိုသူတို့အထဲမှ လုံးဝ မပါဝင်ချေ။[၃၉၀] သူတို့၏ အရေးအရာများသည် ပရမတ်ဘုရားရှင်၏ တာဝန်သာ ဖြစ်၏။ သူတို့၏ ကျင့်ကြံမှုများကို သူတို့အား ထုတ်ပြန်ပြသတော်မူမည်။ |
| ၁၆၀။ | مَن جَاء بِالْحَسَنَةِ فَلَهُ عَشْرُ أَمْثَالِهَا وَمَن جَاء بِالسَّيِّئَةِ فَلاَ يُجْزَى إِلاَّ مِثْلَهَا وَهُمْ لاَ يُظْلَمُونَ۞<br>ကောင်းမှုကို ဆောင်ကြည်းလာသူအတွက် ၎င်း၏ ဆယ်ဆသည် ရှိ၏။ မကောင်းမှုကို ဆောင်ကြည်းလာသူအတွက် ၎င်း၏ ဆတူမျှသာ အစားပေးခံရမည်။ သူတို့အား မတရားခံစားစေမည် မဟုတ်ချေ။ |

---

**(၃၈၉)** သုတ်တော် ၁၅၄–ရေတီများ ခရစ်ယာန်များ လိုက်နာရန် ကျမ်းတော်ကို ချမှတ်ပေးထားကြောင်းနှင့် ၁၅၅–၁၅၆ တွင် ကျမ်းစာကို နားမလည်သော သူများအတွက် စောဒက တက်မလာနိုင်ရန် ကျမ်းတော် ချမှတ်ပေးကြောင်းကို တင်ပြထားပေသည်။ မြန်မာနိုင်ငံတွင်လည်း ကျမ်းစာများကို နားမလည်သေးသော သူများအား နားလည်သော ဘာသာစကားဖြင့် ပြန်ဆိုပေးရန်မှာ ဘာသာရေးတာဝန် တစ်ရပ်ပင် ဖြစ်ပေသည်။

**(၃၉၀)** ယခုခေတ်တွင် သာသနာတိုင်း၌ ဂိုဏ်းများ ကွဲလျက်ရှိနေပေပြီ။ ထိုအချင်းအရာထဲတွင် မည်သည့် ဉာဏ်စဉ်ဆောင်မျှ မပါဝင်ချေ။ အစ္စလာမ် သာသနာတွင်လည်း ဆွန်နီ၊ ရှီယာ၊ အီဗာဒီ (ယနေ့ ယူအေအီး နိုင်ငံတွင် လူများစု) နှင့် အခြားသော၊ အဟာမဒ္ဒီယာ (ကာဒယာနီ ဟု လူသိများ)၊ ပရဝေဇီ၊ ဝါဟာဘီ စသည်ဖြင့် မြောက်များစွာ ရှိနေပေသည်။ ကိုယ်တော်မုဟမ္မဒ်သည်ပ် မည့်သည့် ဂိုဏ်းခေါင်းမှ မဟုတ်ချေ။ ကျွန်ုပ်တို့သည်လည်း ကိုယ်တော် မုဟမ္မဒ်အား အမှန်တကယ် လက်ခံလျှင် ဂိုဏ်းခေါင်းစဉ်များအား စွန့်ပစ်ရပေမည်။ ထိုသတ္တိသည် အစ္စလာမ် သာသနာဝင် စစ်စစ်တိုင်း၌ ရှိရပေမည်။

| | |
|---|---|
| ၁၆၁။ | قُلْ إِنَّنِي هَدَانِي رَبِّي إِلَى صِرَاطٍ مُّسْتَقِيمٍ دِينًا قِيَمًا مِّلَّةَ إِبْرَاهِيمَ حَنِيفًا وَمَا كَانَ مِنَ الْمُشْرِكِينَ۞<br>ဟောကြားလော့ "ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား အယူသန့်သော အီဗရာဟီးမ်၏ ကျင့်စဉ်နှင့် ခိုင်မြဲသော သာသနာ၊ ဖြောင့်မတ်မှန်ကန်သော လမ်းစဉ်အား ညွှန်ခဲ့ပြီ။ သူသည် ရောပြွန်းကိုးကွယ်သူများ၌ မပါဝင်ချေ။" |
| ၁၆၂။<br>☆ ၂း၃ | قُلْ إِنَّ صَلاَتِي وَنُسُكِي وَمَحْيَايَ وَمَمَاتِي لِلّهِ رَبِّ الْعَالَمِينَ۞<br>ဟောလော့၊ "ကျွန်ုပ်၏ စိတ်လေ့ကျင့်မှု☆ စွန့်လွှတ်မှု၊ ရှင်သန်မှု၊ သေဆုံးမှုတို့သည် စကြာဝဠာများ၏ ကံကြမ္မာရှင် ပရမတ်ဘုရားရှင်၏ အဘို့သာတည်း။" |
| ၁၆၃။<br>သွန္နိသုခ ဝါဒီ | لاَ شَرِيكَ لَهُ وَبِذَلِكَ أُمِرْتُ وَأَنَاْ أَوَّلُ الْمُسْلِمِينَ۞<br>အရှင်နှင့် ရောပြွန်းကိုးကွယ်ရာ မရှိ။ ကျွန်ုပ်အား ဤသို့ မိန့်ညွှန်၏။ ကျွန်ုပ်သည်ကား ဦးဦးဖျားဖျား **မူဆလင်** ဖြစ်၏။ |
| ၁၆၄။ | قُلْ أَغَيْرَ اللّهِ أَبْغِي رَبًّا وَهُوَ رَبُّ كُلِّ شَيْءٍ وَلاَ تَكْسِبُ كُلُّ نَفْسٍ إِلاَّ عَلَيْهَا وَلاَ تَزِرُ وَازِرَةٌ وِزْرَ أُخْرَى ثُمَّ إِلَى رَبِّكُم مَّرْجِعُكُمْ فَيُنَبِّئُكُم بِمَا كُنتُمْ فِيهِ تَخْتَلِفُونَ۞<br>ဟောကြားလော့၊ "ကျွန်ုပ်သည် ပရမတ်ဘုရားရှင်မှ အပ အခြား ကံကြမ္မာရှင်အား ရှာဖွေရမည်လော၊ အရှင်သည် သဗ္ဗလုံးစုံ၏ ကံကြမ္မာရှင် ဖြစ်၏။ စရိုက်ကိုယ်စီအတွက် သူ၏ကျင့်ဆောင်ခဲ့ရာသည် ရှိ၏။ သူတစ်ပါး၏ ဝန်ကို ထမ်းဆောင်ရသော ဝန်ထမ်းဟု မရှိစေရ။ အသင်တို့အားလုံး ကံကြမ္မာရှင်ထံသို့သာ ပြန်ရမည်သာတည်း။ သို့နောက် သင်တို့၏ ကွဲလွဲချက်များကို ထုတ်ပြန်ပြသတော် မူမည်ပင်။ |
| ၁၆၅။ | وَهُوَ الَّذِي جَعَلَكُمْ خَلاَئِفَ الأَرْضِ وَرَفَعَ بَعْضَكُمْ فَوْقَ بَعْضٍ دَرَجَاتٍ لِّيَبْلُوَكُمْ فِي مَا آتَاكُمْ إِنَّ رَبَّكَ سَرِيعُ الْعِقَابِ وَإِنَّهُ لَغَفُورٌ رَّحِيمٌ۞<br>အရှင်သည် သင်တို့အား မြေကမ္ဘာ၏ သမ္မတများ ဖြစ်စေ၏။[၃၉၁] ချီးမြှင့်ပေးသည်တို့၌ စုံစမ်းတော်မူရန် လုပ်ပိုင်ခွင့်၌ သင်တို့မှ အချို့ကို အချို့ထက် မြှောက်စားတော်မူ၏၊ ကေနပင် ကံကြမ္မာရှင်သည် ချက်ချင်းလက်ငင်း တုံ့ပြန်တော်မူ၏၊ ကေနပင် အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။ |

(၃၉၁) ဤသုတ်တော်သည် လူသားတို့၏ ဂုဏ်ရည်ကို ဖေါ်ပြထား၏၊ လူသားတိုင်းသည် မြေကမ္ဘာ၌ အရိုက်အရာ ဆက်ခံသူများ ဖြစ်ကြ၍၊ အရိုက်အရာ ဟူသည့် ထိုစကားလုံး "ခလီဖဟ်" သမ္မတဟုလည်း ဖြစ်ပေသည်။ ထို့ကြောင့် အာဒံ တစ်ပါးတည်းကိုသာ မြေကမ္ဘာအတွက် အရိုက်အရာ ဆက်ခံသူ သမ္မတ ဟု ထင်မှတ်နေခြင်းမှာ မှားယွင်းကြောင်း ကျမ်းတော်က ရှင်းလင်းစွာ ထောက်ပြထားသည့်အပြင် ဤသုတ်တော်က ပရမတ်ဘုရားရှင်သည် သတ္တလောက၌ လူသားဟူသည် အဘယ်ကြောင့် ဖြစ်တည်လာရသည် ဆိုသော လူကို ဖြစ်တည်စေခြင်း ရည်ရွယ်ချက်အား ဖေါ်ပြထားပေသည်။ လောက၌ လူ ဖြစ်တည်လာရခြင်းမှာ ဒုက္ခဝဋ်ကြွေးများ ပေးဆပ်ရန်အတွက် မဟုတ်ချေ။ လူသားဟူသည် ပရမတ်ဘုရားရှင်၏ ကိုယ် စားလှယ်အဖြစ် စကြာဝဠာအပေါင်းအား စိုးမိုးအုပ်ချုပ် ထိန်းကျောင်းပေးရန် အခွင့်အရေးဖြင့် ဖြစ်တည်လာရခြင်း ဖြစ်သည်။ ထိုသို့ လောက အပေါင်းအား အုပ်ချုပ် ထိန်းသိမ်းနိုင်ရန်လည်း ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်များ ပွင့်ပေါ်ခွင့် နိယာမဓမ္မကို ပြဋ္ဌာန်းပေးထားပေသည်။ လူသားသည် ဉာဏ်စဉ်ဆောင် ပုဂ္ဂိုလ်တို့မှ သွန်သင်နည်းပြသော နည်းနာအတိုင်း ကျင့်ဆောင်လျှင် လောကအပေါင်းအား အုပ်စိုးထိန်းကျောင်းနိုင်မည် ဖြစ်ပေသည်၊ သို့သော် ထိုသို့မဟုတ်ဘဲ လူလူချင်း ကိုးကွယ်ခံချင်သော စိတ်၊ လူလူချင်း မင်းမှုအုပ်စိုးချင်သော စိတ်များကြောင့် ထိုလူသားသည်ပင် လူလူချင်း မနာလိုဝန်တိုစိတ်များ ကိန်းဝပ်လာခြင်း၊ လူလူချင်း ပြိုင်ဆိုင်လိုသော စိတ်ဖြင့် လောဘရမက်များ ကြီးစိုးလာခြင်းဖြင့် မိမိကိုယ်မိမိ အမိုက်မှောင်စီးလျှက် မိမိ၏ စိတ်က မိမိအား အလိုမကျမှု မရောင့်ရဲနိုင်မှုများ ဖြစ်လျှက် ဒုက္ခဝဋ်ကြွေးများကို ခံစားလာရခြင်းသာ ဖြစ်ပေသည်။ လူသည် လူလူချင်း ပြိုင်ဆိုင်မှုကြောင့်သာ ထိုသို့သော အကုသိုလ်စိတ်များ ဖိစီးလာရခြင်း ဖြစ်ကြောင်းကို သတိထားသင့်ပေသည်။ လူသားသည် လမ်းဘေးမှ ကျောက်ခဲနှင့်သော်လည်းကောင်း အခြားသော သက်ရှိများဖြစ်သည့် ကျွဲ၊ နွား၊ မြင်း၊ ဝက်များနှင့် ပြိုင်ဆိုင်ဂုဏ်တက်နေခြင်း မရှိချေ။ ထို့ကြောင့် လူသားတို့ ခံစားပြောဆိုနေသော ဒုက္ခဝဋ်ကြွေများ ဆိုသည်မှာ လူ၏ ခန္ဓာကိုယ်ကြောင့်မဟုတ်ဘဲ လူလူချင်းပြိုင်ဆိုင် မာန်တက် မနာလို ဖြစ်ရာမှ ရရှိလာသော ရလဒ်သာ ဖြစ်သည်၊ ခန္ဓာရှိလျှင် ဒုက္ခ ရှိရမည်ဆိုသော အယူအဆအား အစ္စလာမ်က လက်မခံပေ၊ ကျောက်ခဲတစ်လုံးသည်လည်း ခန္ဓာ ရှိနေသည် ဖြစ်၍ ထိုကျောက်ခဲတွင် ယခု လူသားတို့ ခံစားပြောဆိုနေသည့် ဒုက္ခသော်လည်းကောင်း၊ သုခ သော်လည်းကောင်း ခံစားနေရခြင်း မရှိချေ။

သို့ဖြစ်၍ လူသားသည် လောကအပေါင်းအား မင်းမှု အုပ်ချုပ်နိုင်ရန်သာ အားထုတ်သင့်လျှက် လူလူချင်းအာဏာလု ဥစ္စာလု နေရာလု ပြိုင်ဆိုင်နေခြင်းများကို စွန့်ပါယ်သင့်လှသည်။ လောက အပေါင်းအား မင်းမှုအုပ်ချုပ်ခြင်း ဆိုသည်မှာ လူသား အနေဖြင့် တစ်သီးပုဂ္ဂလ စိတ်ဓါတ်ရေးရာ

ပေါက်မြောက်အောင်မြင်ရန်သာ အရေးကြီးလှပေသည်။ ထိုသို့ ပေါက်မြောက်အောင်မြင်ပြီးသော ပုဂ္ဂိုလ်များသည် သူနှင့်သက်ဆိုင်ရာ လောက အလယ်၌ ဘုရင်တစ်ဆူ ဖြစ်နေတော့သည်။ ဥပမာ အားဖြင့် ပထဝီပညာရပ်၌ ပေါက်မြောက် အောင်မြင် လောက်အောင် ကျွမ်းကျင်သောသူအား ပထဝီပညာရပ်၌ သူ့ခေတ်အတွက် ပညာရှင်ကြီး၊ ပထဝီပညာရပ် သီအိုရီတစ်ခု၏ ဖခင်ကြီးအဖြစ် သတ်မှတ်ရမည်ပင်၊ အလားတူပင် လောက၌ မရေမတွက်နိုင်သော ပညာရပ်တို့သည် ရှိနေသည်– ခေတ်စနစ်အလျောက် ပေါ်ပေါက်လာမည့် ပညာရပ်များလည်း ရှိနေသည်၊ ထိုပညာရပ်လောက တစ်ခုစီ၌ လူသားသည် သူ့ပညာရပ်နှင့်သူ ဘုရားတစ်ဆူ ဂုတစ်လုံး ဖြစ်ခွင့်ရှိနေပေသည်။ ထိုသို့ပေါက်မြောက်အောင်မြင်ရန် လျှောက်လှမ်းသော အခါ ကြုံတွေ့ရမည့် အခက်အခဲများသည် ဒုက္ခဝင့်ကြွေများ မဟုတ်ချေ။ အောင်မြင်ပေါက်မြောက်မှု အတွက် ပါရမီဖြည့်ဆီးရခြင်းများသာ ဖြစ်ပေသည်။ စာမေးပွဲအောင်မည့် ကျောင်းသားတစ်ဦး စာကြိုးစားရခြင်းကို ဒုက္ခဝင့်ကြွေဟု သတ်မှတ်၍ မရနိုင်ပေ။